# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလကွယ်၊ တနင်္ဂနွေနေ့။ Sunday, 4 August 2024 ၁၁၅၃၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက် (နေပြည်တော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက် (နေပြည်တော်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန် စာမျက်နှာ » ၉

ကောင်းကျိုးအဖြာဖြာ ချည်မျှင်ရှည်ဝါ ဆောင်းပါး စာမျက်နှာ » ၁၂

ပုပ္ပားတောင်မကြီး၌ ကျေးငှက်များအတွက် သီးပင်စားပင်များကို ဦးစားပေးအဖြစ် ထပ်မံစိုက်ပျိုး စာမျက်နှာ » ၁၅

ကြေးမုံ

# တရားသောစစ်ဆင်နွှဲနေမှုအပေါ် တက်ညီလက်ညီဝန်းရံအားပေး

တပ်မတော်သည် နိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးကို ဆင်နွှဲခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက်တွင်လည်း ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို တွန်းလှန်ကာကွယ်ခဲ့ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ခဲ့သည်။

တပ်မတော်သည် ပြည်သူများမှ မွေးဖွားလာသော ပြည်သူ့တပ်မတော်၊ အမျိုးသားတပ်မတော်ဖြစ်သည်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအပေါ် ကျရောက်လာမည့် အန္တရာယ်ရန်စွယ်ဟူသမျှတို့ကို အသက်၊ သွေး၊ ချွေး ရင်းနှီးပေးဆပ်ပြီး ကာကွယ်စောင့်ရှောက်နေသည့် တစ်ခုတည်းသော အဖွဲ့အစည်းကြီးဖြစ်သည်။ အကယ်၍သာ တပ်မတော်ကြီးကို အင်အားတောင့်တင်းခိုင်မာအောင် တည်ထောင်ဖွဲ့စည်းထားနိုင်ခြင်းမရှိလျှင် တိုင်းပြည်သည် ဖရိုဖရဲပြိုကွဲပြီး အစိတ်စိတ်အမြွှာမြွှာပျက်စီးသွားနိုင်သည်ကို လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျရောက်ခဲ့သည့် အန္တရာယ်များက သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၄၉ ခုနှစ်လွန်ကာလများကတစ်ကြိမ်၊ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလများကတစ်ကြိမ်၊ ၁၉၈၈ ခုနှစ်နှင့် မတိုင်မီကာလများကတစ်ကြိမ် ပြည်ပမှပယောဂများနှင့် ပြည်တွင်းမှ အဖျက်သမားသောင်းကျန်းသူများ၏ နှောင့်ယှက်တိုက်ခိုက်မှုအမျိုးမျိုးတို့ကို တပ်မတော်က အသက်၊ သွေး၊ ချွေး ပေးဆပ်ကာ တွန်းလှန်ကာကွယ်ပေးခဲ့သည်။ တပ်မတော်သည် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း နိုင်ငံရေးပယောဂများကြောင့်လည်းကောင်း၊ လက်နက်ကိုင်သောင်းကျန်းမှုအမျိုးမျိုးတို့ကြောင့် လည်းကောင်း ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးအောင်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် တိုင်းပြည်ကို အကြိမ်ကြိမ် ကယ်တင်စောင့်ရှောက်ပေးခဲ့ရသည်။

၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးအပြောင်းအလဲတွင် NUG/CRPH/PDF အမည်ခံအကြမ်းဖက်သမားများနှင့် ငြိမ်းချမ်းရေးကိုမလိုလားသည့် EAO အဖွဲ့အချို့တို့သည် ဒို့တာဝန်အရေးသုံးပါးကို ချိုးဖောက်သည့်လုပ်ရပ်များ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံရေးကိစ္စကို အကြောင်းပြပြီး လက်နက်ကိုင်သောင်းကျန်းသည့်နည်းလမ်းများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းတို့သည် ပြည်ထောင်စုကြီးနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာထူထောင်ရေးကို လက်နက်ကိုင်နည်းလမ်းဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့သည့် ဖြစ်စဉ်များရှိခဲ့သော်လည်း အောင်မြင်မှုမရရှိသလို မည်သူတစ်ဦးတစ်ယောက်မျှ အကျိုးအမြတ်မရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့အချို့အတွင်းသို့ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများသာမက အသက်အန္တရာယ်များပါ ထိခိုက်ဆုံးရှုံးမှု များစွာဖြစ်ခဲ့သည်။ အေးချမ်းစွာနေထိုင်ကြသည့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို နေ့စဉ်နှင့်အမျှ တိုက်ခိုက်ဖျက်ဆီးနေသဖြင့် တိုင်းရင်းသားပြည်သူများက အကြမ်းဖက်သောင်းကျန်းသူများကို စက်ဆုပ်ရွံရှာလျက်ရှိသည်။

တပ်မတော်သည် ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ နိုင်ငံတော်ကို ကာကွယ်ရန်၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန် တာဝန်ရှိသဖြင့် တရားသောစစ်ဖြင့် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်၏ တရားသောစစ် ဆင်နွှဲနေသည့်အပေါ်တွင် ဝန်းရံထောက်ခံအားပေးနေသည့် မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသားပြည်သူများ တစ်နေ့တခြား များပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးရေးအတွက် တရားသောစစ်ကိုဆင်နွှဲရာတွင် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသူတိုင်း ပါဝင်လက်တွဲဆောင်ရွက်ကြရမည့် တာဝန်ရှိသည်။

ယခုအခါ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်နိုင်ရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ကိုယ်ပိုင်အသိစိတ်ရှိသည့် နိုင်ငံ့သားကောင်းရတနာများသည် အပတ်စဉ်အလိုက် ပါဝင်ထမ်းဆောင်နေကြပြီဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။ သို့ဖြစ်ရာ တပ်မတော်၏ တရားသောစစ် ဆင်နွှဲနေမှုအပေါ် တက်ညီလက်ညီ ဝန်းရံထောက်ခံ အားပေးကူညီကြခြင်းဖြင့် အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။

## စစ်ဘက်မှုလတာဝန်ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၅ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**စစ်ဘက်မှုလတာဝန်ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်တာဝန်ကို ပူးတွဲတာဝန် ပေးအပ်ထားသည့် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်အား စစ်ဘက်မှုလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

### ဇရပ်

မြန်မာဘာသာသည် ဧကဝဏ္ဏဘာသာဖြစ်သည်။ ဆိုလိုသည်မှာမြန်မာဘာသာစကားတစ်လုံးချင်းတွင် အနက်ရှိသည်။ အဓိပ္ပာယ်လည်းရှိသည်။ “အနက်”ဆိုသည်မှာ ထိုစကားထိုဝေါဟာရတွင် ပင်ကိုရှိသော သဘောဖြစ်သည်။ အဓိပ္ပာယ်ဆိုသည်မှာ ထိုမှချဲ့ပွားသိနားလည်ရသောသဘောဖြစ်သည်။ “အနက်”ကို “အရှိ”၊“အဓိပ္ပာယ်”ကို “အသိ”ဟုမှတ်ယူနိုင်သည်။ မြန်မာစကား၊ မြန်မာစာကို ခြေခြေမြစ်မြစ်လေ့လာလိုလျှင် မြန်မာဘာသာမြန်မာဝေါဟာရကို တစ်လုံးချင်း “အနက်၊ အဓိပ္ပာယ်”သိအောင်လေ့လာရသည်။ ယခု “ဇရပ်” ၏ အနက်၊ “ဇရပ်” ၏အဓိပ္ပာယ်ကို လေ့လာကြည့်ပါမည်။

မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာအဘိဓာန်တွင် “ဇရပ်”ကို “လူအများနားနေတည်းခိုရန်ဆောက်လုပ်ထားသော အဆောက်အအုံ”ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ ရင်းမြစ်ကို “မွန်၊ ဖြပ်”ဟုပြထားပါသည်။ စင်စစ်အားဖြင့် “ဇရပ်”သည် မြန်မာဘာသာစကားစစ်စစ်ဖြစ်ပါသည်။ “ဇရပ်”၏ရင်းမြစ်သည် “စရပ်”ဖြစ်သည်။ “ဇရပ်”သည် အသံစွဲအရေး၊ “ စရပ်” သည် အနက်စွဲအရေးဖြစ်သည်။ “ဇရပ်”၏အနက်၊ အဓိပ္ပာယ်ကို သိလိုပါက “စရပ်” ၏အနက်အဓိပ္ပာယ်ကို လေ့လာရပါမည်။ ထိုတွင်လည်း “စရပ်”ကို “စ”နှင့် “ရပ်”ခွဲ၍ လေ့လာရပါမည်။

မြန်မာစကားဖြစ်သော “စရပ်”၏အနက်ကို လေ့လာကြံဆသောအခါ မြန်မာစကားပင်ဖြစ်သော “စဆွံ”၏ အနက်နှင့် ဆက်စပ်ယှဉ်တွဲ၍ လေ့လာကြံဆသင့်ပါသည်။ စရပ်၊ စဆွံ ဟူသော စကားများကို ပုဂံခေတ်ကပင် အသုံးပြုနေပြီဖြစ်ကြောင်းတွေ့နေရပါသည်။

ပုဂံကျောက်စာအချို့ကို ထုတ်ဆောင်ပြပါမည်–

“အလှူပိယ်လိုဝ်သော သုတဝ်တိုဝ် အလှူပိယ် စိပ္ဖ်သော ငှာ မြယ်မြံစွာသော ဥတ်စရပ်လေပ္လုအော်။” (အလှူပေးလိုသော သူတော်တို့ အလှူပေးစိမ့်သောငှာ မြဲမြံစွာသော အုတ်စရပ်လည်း ပြု၏။) (၅၈၅ ခုနှစ်၊ ပုံအမှတ် ၇၃၊ ကြောင်း ၂၅–၂၆)

“ပုဟာလောင် မိအ် ဥတ်စာတောင် ယူရုယျေအ်စရပ်တွင် နိယျေအ်” (ဘုရားလောင်း မိဥစ္စာတောင်းယူ၍ စရပ်တွင်နေ၏။) (၅၀၀ ပြည့်နှစ်ခန့်၊ လောကထိပ်ပန် မင်စာ၊ မူဂပက္ခဇာတ်၊ ကြောင်း ၇၄။)

“အုတ်စရပ်နှင်သော အရံတန်တိုင်လေပ္လု၏”

(အုတ်စရပ်နှင့်သော အရံတံတိုင်းလည်းပြု၏။) (၆၆၁ ခုနှစ် အမတ်ကြီးသီရိရာဇသင်္ကြံကျောက်စာ၊ ကြောင်း ၅။ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ)

“သိမ်စဆွမ် စသတိုဝ္ဓ်ကိုဝ် ပ္လုရုယ်”(သိမ်စဆွံစသည်တို့ကိုပြု၍။) (၅၉၇ ခုနှစ် သူကြွယ် ငစွယ်သင် မောင်နံ့ကျောက်စာ၊ ကြောင်း ၃၊ ရှေးဟောင်းမြန်မာကျောက်စာများ ပထမတွဲ)

“ စဆွမ်အရှိယ် ပြည်တံခါအရပ်၌” (စဆွံ အရှေ့ ပြည်တံခါး အရပ်၌) (၆၀၆ ခုနှစ်၊ သင်္ကန်းရုံ ဘုရား ကျောက်စာ၊ မျက်နှာ၊ ကြောင်း ၃၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ)

ဤသို့လျှင် ပုဂံခေတ်ကတည်းက “စဆွံ”ဟူသော အဆောက်အအုံ၊ “စရပ်”ဟူသော အဆောက်အအုံများ ရှိနေခဲ့ပြီး “စဆွံ၊ စရပ်”ဟုပင် စဝဂ် ပထမက္ခရာဖြင့် ရေးထိုးခဲ့ကြသည်ကို တွေ့ကြရပါသည်။

မြန်မာစာအဖွဲ့ထုတ် မြန်မာအဘိဓာန်တွင် ဇရပ်(စရပ်)ကို “လူအများ နားနေတည်းခိုရန် ဆောက်လုပ်ထားသော အဆောက်အအုံ” ဟူ၍လည်းကောင်း၊ စဆွံကို “မုခ်ဦး ဇရပ်၊ ဇရပ်”ဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဇရပ်(စရပ်)နှင့် စဆွံ အဓိပ္ပာယ်တူသောသဘောဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ရှင်းလင်းတင်ပြစဉ်။

★ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)အတွင်း ဂျပန်နိုင်ငံမှ ဝယ်ယူထားရှိသည့် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲမည့် DEMU တွဲဆိုင်းများနှင့် မြန်မာနိုင်ငံမှ တည်ဆောက်ထားသည့် DEMU ရထားတွဲတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### ရှင်းလင်းတင်ပြ

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်က လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြစ်ငယ်စက်ရုံတွင် လူစီးတွဲများအား DEMU အဖြစ် သုတေသနပြု တည်ဆောက်ခြင်းလုပ်ငန်းအား အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် နေပြည်တော်စက်ရုံ၌ အပြီးသတ် တည်ဆောက်ရန် လိုအပ်သည့် စက်အစိတ်အပိုင်းများအလိုက် တည်ဆောက်မှုများကို ဆက်လက် တည်ဆောက် ဆောင်ရွက်လျက်ရှိမှု၊ DEMU ရထားတွဲများ တည်ဆောက်ရန် လိုအပ်သည့် ဘိုဂီများရရှိရေး အတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

### များစွာအထောက်အကူပြု

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် များစွာ အထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း၊ မီးရထားလမ်းများနှင့် မီးရထားစက်ခေါင်းတွဲများ၊ လူစီးတွဲများ ကြံ့ခိုင်ကောင်းမွန်ရေး အတွက် အမြဲမပြတ်စစ်ဆေးပြုပြင် ဆောင်ရွက်နေရန် လိုကြောင်း၊ သုတေသန လုပ်ငန်းများနှင့် ပတ်သက်၍ နှစ်ပိုင်းရှိပြီး မီးရထားတည်ဆောက်ရေး အပိုင်းနှင့် မီးရထားဘူတာများ စနစ်တကျရှိစေရေး၊ မီးရထားလမ်းဘေး ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပနေစေရေး၊ ရထားလမ်းမြေများကို စနစ်တကျ အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် မီးရထားတွဲများ၊ ရထားလမ်းများနှင့် ပတ်သက်၍ နည်းပညာများကို အမြဲမပြတ် လေ့လာနိုင်ရေး Research and Development လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့မီးရထားကို တစ်ခေတ်ပြောင်းနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ DEMU တွဲများကို ပြည်တွင်း၌ အောင်မြင်စွာ တည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အခါတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ရထားလမ်းများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ဘူတာများ၌ ပြင်ဆင်ရန်လိုအပ်သည့် အခြေအနေများ၊ ရထားလမ်းခုံးကျော်တံတားများ ပြင်ဆင်ရန်လိုအပ်သည့် အခြေအနေများကို ကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ထားရန်လိုကြောင်း၊ ရန်ကုန်-ပြည် လမ်းပိုင်းနှင့် နေပြည်တော်-မန္တလေးလမ်းပိုင်းကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားများပြေးဆွဲရာတွင် ရထားအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်း ပြေးဆွဲနိုင်ရေး ရထားလမ်းများ ကြံ့ခိုင်နေစေရေးနှင့် အမြဲကောင်းမွန်နေစေရေး သတ်မှတ်ထားသည့် စံနှုန်းများအတိုင်း ဖြစ်အောင် ဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် အမှန်တကယ်အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ် တစ်ခုဖြစ်ခြင်းကြောင့် ဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားကိုအသုံးပြု၍ ပို့ဆောင်မှုကြောင့် လောင်စာဆီများသုံးစွဲရမှု သက်သာခြင်းနှင့် အချိန်ကုန်ကျမှုကို လျှော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ပတ်ရထားများနှင့် ပတ်သက်၍လည်း ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာဖြင့်သွားလာနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မီးရထားတွဲများကြံ့ခိုင်ရေး ဆောင်ရွက်နေရန်နှင့် ရထားတွဲသစ်များကိုဆက်လက်တည်ဆောက် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားမြေများကိုလည်း အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း၊ အလားတူ မီးရထားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး သုတေသနပြု ဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် အကုန်အကျသက်သာသည့် ရထားစီးနင်းခနှုန်းထားများဖြင့်သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မီးရထားသည် နိုင်ငံအတွက်များစွာအကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မြန်မာ့မီးရထားအားယခုထက် ပိုမိုတိုးတက်အောင်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

စာမျက်နှာ ၄ သို့ »»

❖ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခု ဖြစ်ခြင်းကြောင့် ဦးစားပေးဆောင်ရွက်

❖ ရထားကိုအသုံးပြု၍ ပို့ဆောင်မှုကြောင့် လောင်စာဆီများသုံးစွဲရမှု သက်သာခြင်းနှင့် အချိန်ကုန်ကျမှုကို လျှော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်

❖ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားပြတိုက်(နေပြည်တော်) Mini Theater ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူကေတုမတီမြို့ဟောင်းနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ သမိုင်းမှတ်တမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ရှေးဟောင်းနယ်မြေများ၊ မြို့ရိုးများနှင့် အဆောက်အအုံများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မန္တလေးနန်းမြို့ရိုး၊ ရေကျုံးနှင့် တံတားများ တည်ဆောက်ထားရှိမှု၊ ဒုတိယကမ္ဘာစစ်အတွင်း တံတားများပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့မှု၊ မင်္ဂလာတံတား တစ်ခုဖြစ်သည့် စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(နေပြည်တော်)၏ သမိုင်းကြောင်း ဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင် ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များအား အဖြစ်နိုင်ဆုံး ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုကြောင်း၊ တောင်ငူနန်းတော်ရာ နေရာနှင့် ကေတုမတီမြို့ရိုးအား ပြန်လည်ဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အအုံများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သာသနိက အဆောက်အအုံများကို လက်ရှိအချိန်တွင် ပြောင်းရွှေ့ခြင်းမပြုရန်လိုကြောင်း၊ ကျုံးကိုလည်း ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ ကေတုမတီမြို့ရိုးများ ပြန်လည်ထိန်းသိမ်းနိုင်ရေး အတွက် ဆောင်ရွက်ရာတွင် ဖြစ်နိုင်ဖွယ်ရာ အချက်အလက်များနှင့် အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ မန္တလေးနန်းတော်ရှိမင်္ဂလာတံတား တစ်စင်းဖြစ်သည့် စည်ရှည်တံတားနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်း၊ အလားတူ တံတားနှင့် ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားအားလုံး အနေဖြင့် မိမိတို့နိုင်ငံ၏သမိုင်းကို တန်ဖိုးထား ထိန်းသိမ်းသွားရန် လိုကြောင်း၊ တောင်ငူဘူတာ တည်ဆောက်ရန်အတွက်လျာထားသည့်မြေမှ လယ်ယာမြေများအား ကြိုတင် ဖော်ထုတ်ပေးရန် လိုကြောင်း၊ တိုးချဲ့မြို့သစ်ကို စနစ်တကျ ပုံစံထုတ်လုပ်ပြီးမှ ဆောင်ရွက်ရန်လိုကြောင်း၊ တောင်ငူမြို့ရှောင်ရထားလမ်းတည်ဆောက်ရာတွင်လည်း ရေရှည်အတွက် စဉ်းစား၍ ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အမျိုးသားပြတိုက်(နေပြည်တော်) အတွင်းပြခန်းများအားလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်တို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ၏ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လက်ရှိဓာတ်အားထုတ်လုပ်ရရှိမှုအပေါ် အခြေခံ၍ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် လေလွင့်ဆုံးရှုံးမှု မရှိစေရေး အကျိုးရှိရှိ ဖြန့်ဖြူးပေးသွားရန်နှင့် ဓာတ်အားခများ အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့မြို့နယ်များအတွင်း တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေးနှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းမှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ၃၃/ ၁၁ ကေဗွီ ဓာတ်အားခွဲရုံများသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံများ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အား ပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် ဓာတ်အားခွဲရုံများတွင် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းခွင်သုံး ဝတ်စုံများ ဝတ်ဆင်ဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားခွဲရုံများမှ မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဆရာ ဒကာကျောင်းဖြစ်သော ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ရှိ ပုံ့သုကူကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင် ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် ဝင်းဇော်မိုး အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

# သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးဆောင်ရွက်မှု လက်တွေ့ပြသ

**သဲကုန်း ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၄) စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးဆောင်ရွက်မှုအား လက်တွေ့ပြသခြင်းကို ယမန်နေ့က သဲကုန်းမြို့နယ် ပွေးယားကျေးရွာရှိ တောင်သူ ဦးမြင့်စိုး၏ လယ်ယာမြေ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုနှင့်ပတ်သက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်စိုးအောင်က တောင်သူဦးမြင့်စိုး အပါအဝင် တောင်သူကိုးဦး၏ လယ်မြေ ၂၅ ဧကတွင် ရက် ၉၀၊ ရတနာတိုး၊ ဗီယက်နမ်၊ YSR-1 စပါးမျိုးများကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**လေ့လာကြည့်ရှု**

ထိုသို့ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးဆောင်ရွက်မှုအား လက်တွေ့ပြသခြင်းကို ပြည်ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့်အဖွဲ့ဝင်များ၊ ဒေသခံ တောင်သူများ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် နေပြည်တော် ကောင်စီတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို၊ ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ငါးဆယ့်နှစ်သိန်းနှင့် ငွေကျပ် တစ်ဆယ့်ရှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်း ကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်းတစ်ရာ့ နှစ်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်းတစ်ရာနှင့် ငွေကျပ်သိန်း တစ်ရာတန်ဖိုးရှိ စားသောက်ဖွယ် ရာများကိုလည်းကောင်း၊ ကျန်းမာ ရေးဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ပေးအပ်လှူဒါန်း သည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ် သိန်းနှစ်ရာ နှစ်ဆယ့် ခြောက်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်း ကောင်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သိန်းတစ်ရာနှင့် ငွေကျပ်သိန်း တစ်ရာလေးဆယ့် ခြောက်သိန်း ကျော်တန်ဖိုးရှိ စားသောက်ဖွယ် ရာများကို လည်းကောင်း၊ နေပြည်တော်ကောင်စီ ဝန်ထမ်း မိသားစုများက ပေးအပ်လှူဒါန်း သည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ် သိန်းနှစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာ များကို လည်းကောင်း ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင် စကား ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာ များအား လုံခြုံရေးတပ်ဖွဲ့ဝင် များ၏ လက်ဝယ်အရောက် ဆက် လက် ပို့ဆောင်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးထွန်းအို လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ စေတနာရှင် အလှူရှင်များက နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ယနေ့တွင် သွားရောက်ဂုဏ်ပြုပေးအပ်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာ အပြည့်ဖြင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင်ရေးအတွက် စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ဝန်ကြီးဌာနအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးသေတ္တာဘူးများ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ ကော်ဖီမစ်၊ တီးမစ်၊ ဘီစကွတ်၊ ဝေဖာ၊ မရွေး၊ သရက်သီးသနပ်၊ လက်ဖက်၊ ပဲကြော်၊ ငါးခြောက်ကြော်/ဖုတ်၊ ငါးပိထောင်း၊ ငံပြာရည်ကြော် အစရှိသည့် စားသောက်ဖွယ်ရာများကို လှူဒါန်းကြသည့်အပြင် ရှေ့တန်းရောက်တပ်မတော်သားများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာစာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

အဆိုပါ လှူဒါန်းပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအိုနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ငွေသားကျပ် သိန်း ၁၀၀ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၂၀၀ အား တိုင်းမှူးထံ ပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်ရေးရာအသိပေးဟောပြောပွဲ ကျင်းပ

သထုံ ဩဂုတ် ၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်အသိပညာဟောပြောခြင်း၊ စာအုပ်စာစောင်၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲများကို ယနေ့နံနက်ပိုင်းက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန သထုံခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အဖွင့်အမှာစကားပြောကြားပြီး သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ရည်မှန်းချက်ကိုယ်စီထားရှိရေး၊ နိုင်ငံနှင့် လူမျိုးကိုချစ်မြတ်နိုးတတ်စေရေး၊ အသိပညာ၊ အတတ်ပညာများအပြင် ဘဝတိုးတက်ရေးအတွက် ပြင်ပစာပေဗဟုသုတများ လေ့လာကြရေး၊ စာဖတ်ခြင်းဖြင့်အသိပညာမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးကာ လူငယ်တို့အနာဂတ်ဘဝပိုမိုမြင့်မားလာရေး၊ စိတ်ဓာတ်စည်းကမ်းကောင်းပြီး ရိုးသားကြိုးစား မေတ္တာတရားဖြင့် ညှာတာထောက်ထားတတ်သူများ ဖြစ်စေရေး၊ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေး စသည့်လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။

ခရိုင်(ပြန်/ဆက်)

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် စုပေါင်း၍ ကိုယ်တိုင်ချက်ပြုတ် ကြော်လှော်ကြသည့် စားသောက်ဖွယ်ရာများကို ရှေ့တန်းသို့ ပေးပို့လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။

လှူဒါန်း

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော် ၂၂၈ ထုပ်၊ ငါးခြောက်ကြော်ထုပ် ၂၂၂၊ ကော်ဖီမစ်ထုပ် ၂၁၀၊ ရွှေဖီဦးတီးမစ်ထုပ် ၂၁၀၊ ဆေးပေါ့လိပ် ၂၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၂၁၀၊ အသင့်စားလက်ဖက်ထုပ် ၂၁၀၊ ငါးပိထောင်းဘူး ၂၀၀၊ ကွက်ကီးအထုပ် ၂၀၀၊ ဝေဖာအထုပ် ၂၀၀၊ Royal-D ဓာတ်ဆားထုပ် ၂၀၀ စုစုပေါင်း အစားအသောက် ၁၁ မျိုးကို လှူဒါန်းသည့်အပြင် နိုင်ငံတော် လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် "ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများလည်း ထည့်သွင်းပေးပို့ကြသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာ ၁၁ မျိုးအတွက် တန်ဖိုးငွေကျပ် ၁၈ သိန်းနှင့် ငွေသားကျပ် ၅၂ သိန်း စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၇၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ယမန်နေ့ ညနေပိုင်းကနေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတို့မှ ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများ ကိုယ်တိုင် စိတ်အား ထက်သန်စွာဖြင့် ကြော်လှော်၊ ပြင်ဆင်ထုပ်ပိုးနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဒုတိယမြို့တော်ဝန်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။



ပစ္စည်းအမျိုး ၂၀

နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီနှင့် ဌာနဆိုင်ရာတို့မှ ဝန်ထမ်းမိသားစုများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ရှူးရှဲလက်ဖက်၊ အကြော်စုံ၊ ချဉ်ပေါင်ကြော်၊ သရက်သီးစိမ်း ငါးပိချက်၊ ငွေးသီး အညာချက်၊မြေပဲဆန်ကြော်၊ မားမားခေါက်ဆွဲခြောက်၊ ငန်ပြာရည်ကြော်၊ ပဲကြီးကြော်၊ ငါးပိကြော်၊ လက်ဖက်ထောင်း၊ ငါးနီတူခြောက်ကြော်၊ အာလူးကြော်၊ ဆီတို့ဟူးကြော်၊ ငါးခြောက်ထုပ်၊ ငါးပိထောင်း၊ ဗယာလုံးကြော်၊ ပဲလှော်ငါးခြောက်ကြော်၊ကော်ဖီမစ်၊ တီးမစ် စသည့် ပစ္စည်းစုစုပေါင်း မျိုး ၂၀ ကို လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင် ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့် အတူ "ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ တရားသောစစ် အမြန်ဆုံး အောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်ရှောက်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိနေပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံး ပြန်လာနိုင်ပါစေ" စသည့် ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ ဌာနဆိုင်ရာတို့မှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းတစ်ရာ့ငါးဆယ် တန်ဖိုးရှိ စားသောက် ဖွယ်ရာများကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ သွားရောက်ပေးအပ်ရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

# တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသ

နေပြည်တော် ဩဂုတ် ၃

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာ နှစ်ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦးနှင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် မေလတို့တွင် လူနာခြောက်ဦးတို့အား အောင်မြင်စွာ ထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။



အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ ဦးတင်ယုနှင့် တူမဖြစ်သူ အသည်းအလှူရှင် မသီရိဝင်းကိုတို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲအချိန်တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခွဲအချိန်ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုများချီးမြှင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုများချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာရေးဆရာ၊ ဆရာမကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စာပေဆုများချီးမြှင့်ပွဲ အခမ်းအနားတွင် "စာပဒေသာဝေဆာစေမည် " Video Clip ကို



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုရရှိသူများအတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ထံ အလှူငွေကျပ် ၃၅ သိန်း ပေးအပ်လှူဒါန်းစဉ်။

ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်ညီလာခံကို ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင်လည်းကောင်း ကျင်းပနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ညီလာခံသက်တမ်းတစ်ခု၏ သက်တမ်းသည် လေးနှစ်ဖြစ်ပြီး ညီလာခံတစ်ခုနှင့် တစ်ခုအကြား နှစ်နှစ် သက်တမ်းတွင် ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ကျင်းပရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံ သက်တမ်းသည် ယခု ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် သက်တမ်း နှစ်နှစ်ပြည့်ခဲ့ပြီဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ယခုဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်ဟု သိရပါကြောင်း။

ယခုအစည်းအဝေးတွင်မင်္ဂလာရှိသည့် စာပေဆုနှစ်မျိုးကို ချီးမြှင့်မည်ဖြစ်သည့်အတွက် ဂုဏ်ယူကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် မဲခေါင်စာပေဆုသည် ၂၀၁၄ ခုနှစ်မှစပြီး မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်(ယူနန်) ခြောက်နိုင်ငံမှ စာရေးဆရာအသင်းများ စုစည်းညီညွတ်စွာ ရွေးချယ်ချီးမြှင့်ခဲ့ကြသည့်ဆုဖြစ်သည့်အတွက် မြန်မာနိုင်ငံစာပေလောက အတွက်ရော နိုင်ငံတော်အတွက်ပါ များစွာ ဂုဏ်ယူစရာကောင်းပါကြောင်း။

နိုင်ငံခြောက်နိုင်ငံ တစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျကျင်းပခဲ့ကြသည်မှာ (၁၂)ကြိမ်ပင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက်မဲခေါင်စာပေဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ပြီး (၁၁) ကြိမ်မြောက် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် (၁၂) ကြိမ်မြောက် ၂၀၂၁ ခုနှစ်တွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့ပါကြောင်း၊ (၁၁)ကြိမ်မြောက်ပွဲနှင့် (၁၂) ကြိမ်မြောက်ပွဲများကို ကိုဗစ်ကပ်ရောဂါကြောင့် မကျင်းပနိုင်ခဲ့သည့်အတွက်အဝေးရောက်သာချီးမြှင့်ခဲ့ရပြီး ယခုလို အခမ်းအနားတွင် **မဲခေါင်စာပေဆုရရှိသူလေးဦး**အား ဆုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာပေဆုချီးမြှင့်ပွဲကို ၂၀၁၃ ခုနှစ်က ပထမအကြိမ် ကျင်းပခဲ့ပြီး ၁၀ နှစ်အကြာတွင် ယခုလို ဒုတိယအကြိမ် ကျင်းပခြင်းကြောင့် စာပေဆုရသူ ၁၈ ဦးအား ချီးမြှင့်မည်ဟု သိရပါကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာမူပြိုင်ပွဲတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုဟူ၍ သုံးမျိုးပါဝင်ပါကြောင်း။

မဲခေါင် စာပေဆုရသူများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ စာပေဆုရသူအားလုံးသည် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဆောင်ပုဒ်ဖြစ်သည့် **"အမျိုး၏ဂုဏ် ဇာတိဂုဏ် စာပေဂုဏ်ကိုမြှင့်"** ဟူသော ဆောင်ပုဒ်ကို လက်တွေ့ ကာယကံမြောက် ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုရရှိသူများအတွက် ငွေကျပ် ၃၅ သိန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မဲခေါင်စာပေဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၀) တွင် လွမ်းတိမ်ဝတ်မှုန် ရသစုံဝတ္ထုတိုများဖြင့် ဆုရရှိသည့် ဒေါက်တာနီလာသိန်း(မြကြာငုံ)၊ ၇၅ ရုပ်ပုံလွှာ နေမင်းသန်းကဗျာဖြင့် ဆုရရှိခဲ့သည့် ဦးဖေသန်း(နေမင်းသန်း)၊ (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၁)တွင် ပြိုပျက်ခဲ့သော သင်္ကေတဇ်များဖြင့် ဆုရရှိခဲ့သည့် ဦးဇော်ဝင်းအောင် (အကြီးကိုကို-ကသာ)နှင့် နွေဦးအော်ပရာကဗျာများဖြင့် ဆုရရှိခဲ့သည့် ဦးသန်းအေး (စလင်းဘုန်းကျော်)တို့က ဆုများလက်ခံရယူကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ရာ ဝတ္ထုတို ပထမဆုရရှိခဲ့သည့် စောငယ်ငယ်(မိုးညှင်း)၊ ဝတ္ထုတို ဒုတိယဆုရရှိခဲ့သည့် ယွင်းနှင်းဆီခိုင်နှင့် ဝတ္ထုတိုတတိယဆုရရှိခဲ့သည့် ဝေလွင်မြင့်မောင်တို့က ဆုများလက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း နာယက အလင်္ကာကျော်စွာ ဒေါ်ချိုချိုတင်(မစန္ဒာ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့က မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝတ္ထုတိုအထူးဆု(၁)ရရှိသူ စံဝင်းအောင်(မြန်အောင်)၊ ဝတ္ထုတိုအထူးဆု(၂)ရရှိသူ နန်းဟင်းပြင်း၊ ဝတ္ထုတိုအထူးဆု(၃)ရရှိသူ ဇော်(မြိတ်)၊ ဆောင်းပါး ပထမဆုရရှိသူ ရွှေထုံခင်သီတာလှိုင်၊ ဆောင်းပါးဒုတိယဆုရရှိသူ လင်းအရုဏ်ဦး(ပဲခူး)၊ ဆောင်းပါး တတိယဆုရရှိသူ သစ္စာဝါဒီဦးမြင့်အောင်၊ ဆောင်းပါးအထူးဆု(၁)ရရှိသူ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ ဆောင်းပါးအထူးဆု (၂)ရရှိသူ မရွှေချစ်(လယ်ကိုင်း)၊ ဆောင်းပါး အထူးဆု(၃)ရရှိသူ မောင်ရည်ကျော်(ရှုပ)၊ ကဗျာပထမဆုရရှိသူ နေခြည်မောင်(မြောင်းမြ)၊ ကဗျာဒုတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ ကဗျာတတိယဆုရရှိသူ စစ်တွေညိုသန့်၊ ကဗျာအထူးဆု(၁)ရရှိသူ ဇဂျမ်းရွာကျောင်းအိုသား၊ ကဗျာအထူးဆု(၂)ရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)နှင့် ကဗျာအထူးဆု(၃)ရရှိသူ ခက်ဇော်(ကဗျာ)တို့က ဆုများလက်ခံရယူကြသည်။

ထို့နောက် မဲခေါင်စာပေဆုရရှိသူများကိုယ်စား စာရေးဆရာ ဦးဇော်ဝင်းအောင် (အကြီးကိုကို-ကသာ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းစာပေဆု ရရှိသူများကိုယ်စား စာရေးဆရာမ ဒေါ်ခင်သီတာလှိုင်(ရွှေထုံခင်သီတာလှိုင်)တို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မဲခေါင်စာပေဆုရရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း စာပေဆုရရှိသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ပြုလုပ်သည့် မြန်မာနိုင်ငံ ဒီဂျစ်တယ်မီဒီယာ အသင်း (Myanmar Digital Media Association) ဖြစ်မြောက်ရေး ကော်မတီနှင့်တွေ့ဆုံ၍ ဒီဂျစ်တယ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ မီဒီယာအခင်းအကျင်းတွင် ဒီဂျစ်တယ်နည်းပညာနှင့် မီဒီယာသည် အရေးပါသည့်နေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ ယခုအခါ ဒီဂျစ်တယ် မီဒီယာလုပ်ငန်းသည် ကြီးမား ကျယ်ပြန့်လျက်ရှိသဖြင့် ၎င်းလုပ်ငန်းကို လုပ်ကိုင်နေကြသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရန်နှင့် အငြင်းပွားမှုဆိုင်ရာပြဿနာများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် မြန်မာဒီဂျစ်တယ် မီဒီယာအသင်းကြီး ပေါ်ပေါက်လာစေရေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုဖွဲ့စည်းပေးထားသည့်ကော်မတီတွင် IT နည်းပညာ ကျွမ်းကျင်သူများ၊ သတင်းမီဒီယာနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ဒီဂျစ်တယ်နည်းပညာကျွမ်းကျင်သူများအား ပါဝင်ဖွဲ့စည်းပေးထားပါကြောင်း၊ အသင်းကြီး အောင်မြင်စွာ ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အတွက် သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းကို စနစ်တကျ ရေးဆွဲကြရန်လိုကြောင်း၊ ယခုအခါ ဒီဂျစ်တယ်ပလက်ဖောင်းကို အသုံးပြု၍ ပြည်သူများအား သတင်းတု/သတင်းမှားများ ဖြန့်ဝေလျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးကိုရှေးရှုကာ ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုပါကြောင်း၊ အသင်းကြီးအား အောင်မြင်စွာ ဖွဲ့စည်း၍ ဒီဂျစ်တယ်နည်းပညာဖြင့် နိုင်ငံအကျိုးသယ်ပိုးပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဒီဂျစ်တယ် မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) နှင့် တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆွေးနွေးပြောကြားကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆုပေးပွဲ (၂၀၂၀)တွင် ၇၅ ရုပ်ပုံလွှာ နေမင်းသန်းကဗျာဖြင့် ဆုရရှိခဲ့သည့် ဦးဖေသန်း(နေမင်းသန်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ နှစ်လက်မအရွယ် ငါး၊ ပုစွန်သားပေါက်ကောင်ရေ ၄၀၅ ဒသမ ၁၀ သိန်း မျိုးစိုက်ထည့်ရန်လျာထား

နေပြည်တော် ဩဂုတ် ၃

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာ ပေါင်းလောင်းချောင်းတွင် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ရေချိုငါးသယံဇာတများ ရှင်သန်ပွားများနိုင်သည့် ရေပြင်ဧရိယာစုစုပေါင်း ဧက သန်း ၅၀ ကျော်ရှိပြီး အဆိုပါ သဘာဝရေချိုရေပြင်များတွင် တည်ရှိနေသော ငါးသယံဇာတများမှာ နှစ်စဉ်ငါးဖမ်းဆီးထုတ်လုပ်မှု၊ သဘာဝအလျောက်သေဆုံးမှု၊ ရေထုညစ်ညမ်းလာမှု၊ ရောဂါကျရောက်မှု၊ သဘာဝအစာကွင်းဆက်အရ အချင်းချင်းစားသုံးမှု၊ ရာသီဥတုဖောက်ပြန်မှုများ စသည်တို့ကြောင့် လျော့ကျလာလျက်ရှိရာ ငါးသယံဇာတများ ပြန်လည်ဖြစ်တည်လာစေရန် ငါးမျိုးစိုက်ထည့်ခြင်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ တစ်နိုင်ငံလုံးအနေဖြင့် နှစ်လက်မအရွယ် ငါး၊ ပုစွန်သားပေါက်ကောင်ရေ ၄၀၅ ဒသမ ၁၀ သိန်းလျာထားခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ ငါး၊ ပုစွန်သားပေါက်ကောင်ရေ သိန်း ၂၁၀ မျိုးစိုက်ထည့်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ငါးသယံဇာတ စဉ်ဆက်မပြတ် ရေရှည်တည်တံ့နေစေရန်နှင့် ငါးရိက္ခာများ ပိုမိုထုတ်လုပ်ပြီး တိုးတက်လာလျက်ရှိသည့် လူဦးရေအတွက် ငါးရိက္ခာဖူလုံစွာ ဖြည့်တင်းပေးနိုင်စေရန် လက်တွဲပါဝင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာ ပေါင်းလောင်းချောင်းအတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း မျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအုပ်စုတွင် ကျင်းပသည့် နှမ်းစပါးစံကွက် ရိတ်သိမ်းပွဲအခမ်းအနားကို တက်ရောက်ကြသည်။

အခမ်းအနားတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်း နှမ်းစပါးနှင့် နှမ်းသီးနှံများ စိုက်ပျိုးခဲ့မှု၊ သီးနှံအထွက်နှုန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သီးနှံစိုက်ပျိုးထွက်ရှိမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများမှန်ကန်ရေး၊ စံသတ်မှတ်ချက်များ လိုက်နာဆောင်ရွက်ရာတွင် ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် လိုအပ်သောလေ့လာစူးစမ်းမှုများ ဆောင်ရွက်ထားရှိကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နှမ်းစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနား တက်ရောက်လာကြသော တောင်သူများအား ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ လက်ရှိစိုက်ပျိုးထုတ်လုပ်မှု သီးနှံအထွက်နှုန်းနှင့် ဝင်ငွေအကျိုးအမြတ်ရရှိမှု အခြေအနေများကို မေးမြန်းပြီး ရေရှည်တည်တံ့သောလယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးနှင့် ခေတ်မီစိုက်ပျိုးစီးပွားရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်မှု အလားအလာများကို အကြံပြုဆွေးနွေးပြောကြားပြီး ထိုင်းနံ့ကောက်မျိုး နှမ်းစပါးစံကွက်ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးကြသည်။

အဆိုပါစံကွက်မှ စပါးအစို ၁၃၉ တင်းနှုန်းထွက်ရှိကြောင်း စိစစ်တွေ့ရှိရသော်လည်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အခြောက်ခံခြင်း၊ အဖျင်းအမှော်ဖယ်ရှားခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၍ တစ်ဧက၏ သန့်စင်ပြီးစပါးအခြောက် အမှန်အထွက်နှုန်းကို စိစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ညောင်တုန်းမြို့ ကမ်းပတ်တာအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့နံနက်ပိုင်းက ညောင်တုန်းမြို့သို့ရောက်ရှိပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ညောင်တုန်းမြို့ ကမ်းပတ်တာအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကမ်းထိန်းတည်ဆောက်မှုလုပ်ငန်း ခွင်ရှင်းလင်းဆောင်၍ စံကင်းကျွန်းရေတိုက်စားမှု၊ ရေလွှမ်းခံရမှု၊ ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်မှုအခြေအနေများနှင့် ကုက္ကိုဝကျေးရွာ မြစ်ကမ်းထိန်းတည်ဆောက်ရန် လိုအပ်မှုအခြေအနေတို့ကို ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက် သာသနာ့ဗိမာန် ရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းသုံးခုမှဘေးသင့်ပြည်သူ ၃၁၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၈၂၆၀၀၀၊ ဘေးသင့်ပြည်သူ ၂၃၄ ဦးအတွက် ကြက်ဥ ၉၃၆ လုံးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးဝင်းရှိ ဓမ္မသဟာယမဏ္ဍပ်ဗိမာန်၌ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံပြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၇ ခုမှ ဘေးသင့်ပြည်သူ ၂၅၁၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၂၆၆၂၀၀၀၊ ရေဘေးသင့်ပြည်သူ ၅၉၄ ဦးအတွက် ကြက်ဥ ၂၃၇၆ လုံးကိုလည်းကောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားကာ မြို့မကျောင်းရေဘေးရှောင်စခန်းသို့ သွားရောက်ကြည့်ရှုသည်။ ယင်းနောက် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး ဒက္ခိဏာရာမရွှေကျင်ပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တနန္ဒာစရိယအား ဖူးမြော်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် ကန်ကြီးထောင့်မြို့ အမှတ်(၁)ရပ်ကွက် လောကမုန်ကူဘုရားဝင်းရှိ ရေဘေးရှောင်စခန်းသို့ ရောက်ရှိခဲ့ပြီး မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၃ ခုမှ ဘေးသင့်ပြည်သူ ၁၃၄၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၂၃၀၀၀ နှင့် အဆိုပါ စခန်းရှိ ဘေးသင့်ပြည်သူ ၃၂၇ ဦးအတွက် ကြက်ဥ ၁၃၀၈ လုံးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့သွားရောက်ခဲ့သည့် မြို့နယ် သုံးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ယနေ့ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ် ၆၄၄ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ရောင်းအားကောင်းသော ကျိုက္ခမီဒေသထွက် ငါးစင်ရိုင်းအသေးခြောက်များကို ထိုင်းနိုင်ငံသို့ တင်ပို့နေရ

ရန်ကုန် ဩဂုတ် ၃

လတ်တလောတွင် ရောင်းအားကောင်းလျက်ရှိသည့် မွန်ပြည်နယ် ကျိုက္ခမီဒေသထွက် ငါးစင်ရိုင်းအသေးခြောက်များကို ထိုင်းနိုင်ငံဘက်သို့လည်း တင်ပို့နေကြောင်း သိရသည်။

ကျိုက္ခမီမြို့နယ် ငါးခြောက်ဈေးကွက်အတွင်း၌ အဆိုပါငါးခြောက်မျိုးများကို ပြည်တွင်းကလည်း မှာယူမှုများကြောင်း သိရသည်။

"ငါးစင်ရိုင်းအသေးစားက ထိုင်းဘက်ကိုပို့တာများတယ်။ ဒီငါးခြောက်က ပြည်တွင်းဘက်ကိုလည်းပို့ရပါတယ်။ ရန်ကုန်ကိုလည်း ပို့ရတယ်။ သူက ဆားပေါ့ခြောက်ပဲ၊ အရမ်းပေါ့တာတော့မဟုတ်ဘူး ဆားပါတယ်။ ပြည်တွင်းဆို ရန်ကုန်အများဆုံးပို့ရတယ်" ဟု ကျိုက္ခမီမြို့နယ်ရှိ ငါးခြောက်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကျိုက္ခမီဒေသထွက် ငါးစင်ရိုင်းအသေးခြောက်များကို တွေ့ရစဉ်။

အဆိုပါငါးခြောက်များကို ထိုင်းနိုင်ငံသို့တင်ပို့ရာတွင် ကော့သောင်း-ရနောင်းလမ်းကြောင်းမှတစ်ဆင့် တင်ပို့နေပြီး ရောင်းဝယ်အားကောင်းသည့် ငါးခြောက်ထဲတွင်လည်း တစ်မျိုးအပါအဝင်ဖြစ်ကြောင်း သိရသည်။

"ပြည်ပဆို ကော့သောင်း-ရနောင်းဘက်ကနေ ထိုင်းကိုပြန်ပို့တယ်။ ထိုင်းမှာရောက်နေတဲ့ မြန်မာပြည်သားတွေများတဲ့အခါကျတော့ ပို့ရတယ်၊ စားကြတယ်။ ကုန်ချိန် လေးရာ ၊ ငါးရာလောက်က တစ်ပတ်လောက်ရောင်းရင်ကို ကုန်တယ်။ သူက သူ့ဈေးနဲ့သူတော့ တန်ပါတယ်" ဟု ၎င်းကပြောသည်။

သစ်တော်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဇာတိဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဇာတိဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီနှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့်ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများအား စစ်ရေးအတွက်အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူများကို မတရားဖမ်းဆီးနေသည့် လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဇာတိဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်း၊ သာသနိကအဆောက်အဦများကို အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓမ္မဖမ်းဆီးနေခြင်းများကို မြန်မာနိုင်ငံဇာတိဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဇာတိဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ယုံကြည်ခြင်း ဇာတိဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော် ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိပြီး လူမှုဘဝများဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို ယုံကြည်ခြင်း ဇာတိဂေလိအသင်းတော်(ပဲခူး) က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဇာတိဂေလိအသင်းတော်(ပဲခူး)**

## ပြည်ထောင်စု မြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်နေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များနှင့် သာသနိကအဆောက်အဦများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့်လုပ်ရပ်များကို ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

## လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်နေခြင်းဖြစ်ပြီး ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ် ဆောင်သွားကြောင်း သိရှိရသည်။

၎င်းအပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသည့်အတွက် လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များထိခိုက်သေဆုံးခဲ့ရပြီးအချို့ကိုလည်းမတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများ ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**
**၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်**

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်သဘောထားထုတ်ပြန် ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ ခုတင်(၁၀၀) အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၇/၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ၊ စနေနေ့

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများ အသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများအပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူအချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ် ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင်ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့်ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Droneများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် မြို့တွင်းရပ်ကွက်များသို့လည်း အလားတူပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ကြေညာချက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးကုသမှုခံယူနေကြသည့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရကြောင်းနှင့် ဆေးရုံရှိလူနာများနှင့် တာဝန်ရှိအချို့ကိုလည်း အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက် သေဆုံးခဲ့ရပြီး ဒေသခံပြည်သူအချို့မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် လူမှုဘဝများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်းကို စိတ်မကောင်းစွာ ကြားသိရပါသည်။

၃။ ထိုသို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
(၃.၈.၂၀၂၄)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များအသုံးပြုပြီး သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် လူနာများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ထို့အပြင် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရကြောင်း ကြားသိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ Drone အသုံးပြုပြီး အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကာ ဆေးရုံရှိ လူနာများနှင့် ဒေသခံပြည်သူများအား ပစ်ခတ်တိုက်ခိုက်သဖြင့် လူနာများသေဆုံးခဲ့ရပြီး လူနာအချို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

၎င်းအပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်းရှိ ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာ မိမိတို့၏ အိုးအိမ်စည်းစိမ်များကို စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေရကြောင်းကို စိတ်မချမ်းမြေ့စွာ ကြားသိရှိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၃.၈.၂၀၂၄)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး တချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနာများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ လုပ်ရပ်များအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၃.၈.၂၀၂၄)

၁။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ၎င်းတို့၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ကြောင်းနှင့် အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည့်အတွက် အဆိုပါလုပ်ရပ်အပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အောက် ပေဝက်ခန့် (၁၅ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကောင်းကျိုးအဖြာဖြာ ချည်မျှင်ရှည်ဝါ

နွေကုံကျော်(မြို့လှ)

လူဟူ၍ဖြစ်လာသည်နှင့် မလွဲမသွေ ရင်ဆိုင်ရမည့်အရာ သုံးမျိုးရှိနေသည်ကို ကျွန်ုပ်တို့အားလုံး သိရှိပြီးဖြစ်၏။ စားရေး၊ ဝတ်ရေး၊ နေရေး ဟူသော ပြဿနာကြီးသုံးရပ်သည် လူသားတို့နှင့် နိစ္စဓူဝ ကြုံတွေ့နေရသည့်အရာများပင်ဖြစ်သည်။ စားသောက်ရေးနှင့်ပတ်သက်၍ **"စားစရာမရှိ လျော်စရာရှိ"**၊ နေထိုင်ရေးအခက်အခဲနှင့်ပတ်သက်၍ **"သေရေးထက် နေရေးခက်"** ဟူသည့် စကားတို့သည် အမှန်တကယ် ချို့တဲ့သူများအတွက် ခက်ခဲသောပြဿနာပင်ဖြစ်သည်။ အဝတ်အထည်ဝတ်ဆင်ရေးနှင့်ပတ်သက်၍လည်း **"တောင်းမှာအကွပ် လူမှာအဝတ်"** စသည့် စကားများက မှတ်သားထိုက်ဖွယ် ကောင်းလှသည်။ စားဝတ်နေရေး ပြဿနာသုံးရပ်သည် လူတစ်ဦး၊ မိသားစုတစ်စု၊ နိုင်ငံတစ်နိုင်ငံတည်းသာ ကြုံတွေ့နေရသည့် ပြဿနာများမဟုတ်ပေ။ အချို့သောနိုင်ငံများနေရေးအတွက် ခက်ခဲနေကြသည်။ စားရေးအတွက် ခက်ခဲနေကြသည်။ ဝတ်ရေးအတွက်လည်း ချို့တဲ့နေကြသည်ကို တွေ့ရှိရသည်။ မိမိတို့နိုင်ငံသည် အလေ့ကျပေါက်ရောက်သော သီးပင်စားပင်များမှအစ စနစ်တကျစိုက်ပျိုးလျှင် ပို၍အောင်မြင်ဖြစ်ထွန်းသော သီးနှံပင်များစွာပေါက်ရောက်သဖြင့် အခြားသောနိုင်ငံများထက် များစွာကံကောင်းသည်ဟုဆိုရပေမည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် သဘာဝတရား၏ မျက်နှာသာပေးချက်အရ ကမ္ဘာ့ပထဝီမြေမျက်နှာသွင်ပြင်ကောင်းကို ပိုင်ဆိုင်ထားသည်။ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည်။ ထွန်ယက်စိုက်ပျိုးနိုင်သော မြေဆီမြေလွှာများရှိသည်။ လူဦးရေအချိုးနှင့် မျှတစွာ နေထိုင်နိုင်သည့် မြေဧရိယာ အကျယ်အဝန်းရှိသည်။ ဆိုရလျှင် မြန်မာနိုင်ငံသည် စားဝတ်နေရေးတို့အတွက် နောင်ရေးစိတ်ချရသော နိုင်ငံတစ်ခုပင်ဖြစ်ပေသည်။ အဝတ်အထည်အတွက် အဓိကကုန်ကြမ်းသည် "ဝါ" ဖြစ်၏။ သို့သော်ငြား ဝါကုန်ကြမ်းကို ကုန်ချော အဖြစ် ထုတ်လုပ်နိုင်ရန် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ဝါသီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ၇-၃-၂၀၂၄ ရက်တွင် ပြုလုပ်သည့် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ရာတွင် **"မိမိတို့နိုင်ငံတွင် ဝါများစိုက်ပျိုးထွက်ရှိသော်လည်း ဝါဂွမ်းကိုစနစ်တကျဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးကြောင်း၊ လက်ရှိဝါစိုက်ဧက ၅ သိန်း၌ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိမည်ဆိုပါက လူဦးရေသန်း ၅၀ တွင် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ လက်ရှိထွက်နေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြင်ပမှ ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆင့်မီသည့် ချည်ထည်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံအတွင်း အထည်ချုပ်လုပ်ငန်းများ တိုးတက်လာပြီး နိုင်ငံအတွက် လိုအပ်သည့် အဝတ်အထည်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း"** မှာကြားခဲ့သည်ကို မှတ်သားသိရှိရသည်။







**❛မျိုးဝါစေ့များကို စိုက်ပျိုးခြင်းမပြုမီ မျိုးစေ့အမွေးချွတ်၍ မှိုသတ်ဆေးများနှင့် လူးနယ်ခြင်းဖြင့် ပြုပြင်ဆောင်ရွက်နိုင်သည်။ အကျိုးကျေးဇူးအားဖြင့် အစိုဓာတ်အနည်းငယ်ဖြင့် အပင်ပေါက်နိုင်ခြင်း၊ အပင်ပေါက်ရာခိုင်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ မျိုးစေ့အတွင်း ခိုအောင်းနေသော ပိုးကောင်များသေစေသဖြင့် အပင်ပေါက်ပျက်စီးမှုနည်းခြင်း၊ မျိုးစေ့ဆောင်ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ပိုရှိခြင်း၊ မျိုးစေ့တစ်ဧကနှုန်းထားကိုလည်း လျှော့ချ၍ စိုက်ပျိုးနိုင်ခြင်း၊ မျိုးစေ့ချကိရိယာ၊ မျိုးစေ့ချစက်များဖြင့် စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိ❜**

## မျိုးစေ့အမွေးချွတ်၍ မှိုသတ်ဆေးများနှင့် လူးနယ်ခြင်းဖြင့် ပြုပြင်ဆောင်ရွက်

ဝါစိုက်ပျိုးမည်ဆိုပါက အခြေခံအကျဆုံးလိုအပ်ချက်သည် မျိုးဝါစေ့ပင်ဖြစ်၏။ အပင်အရေအတွက်ပြည့်မီရေးနှင့် ဝါအထွက်နှုန်း ကောင်းမွန်ရေးသည် ဝါမျိုးစေ့အရည်အသွေးပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း တွေ့ရှိရသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲက ရောင်းချသော ငွေချည် - ၉၊ ငွေချည် - ၁၁၊ ရွှေတောင် - ၈ နှင့် ရွှေတောင် ၁၀ မျိုးစေ့များသည် အထွက်နှုန်း သင့်တင့်ပြီး ဒေသနှင့်သင့်လျော်သော မျိုးများဖြစ်ကြသည်။ မျိုးဝါစေ့များကို စိုက်ပျိုးခြင်းမပြုမီ မျိုးစေ့အမွေးချွတ်၍ မှိုသတ်ဆေးများနှင့် လူးနယ်ခြင်းဖြင့် ပြုပြင်ဆောင်ရွက်နိုင်သည်။ အကျိုးကျေးဇူးအားဖြင့် အစိုဓာတ်အနည်းငယ်ဖြင့် အပင်ပေါက်နိုင်ခြင်း၊ အပင်ပေါက်ရာခိုင်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ မျိုးစေ့အတွင်း ခိုအောင်းနေသော ပိုးကောင်များသေစေသဖြင့် အပင်ပေါက်ပျက်စီးမှုနည်းခြင်း၊ မျိုးစေ့ဆောင်ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ပိုရှိခြင်း၊ မျိုးစေ့တစ်ဧကနှုန်းထားကိုလည်း လျှော့ချ၍ စိုက်ပျိုးနိုင်ခြင်း၊ မျိုးစေ့ချကိရိယာ၊ မျိုးစေ့ချစက်များဖြင့် စိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိသည်ကို မှတ်သားသိရှိရသည်။

ဝါသည် လိုအပ်သလိုပြုပြင်ပေးပါကမည်သည့်မြေပေါ်တွင်မဆို ပေါက်ရောက်ဖြစ်ထွန်းနိုင်သော်လည်း အကောင်းဆုံးမြေမှာ ရေသွင်းရေထုတ်လွယ်ကူပြီး မြေချဉ်ငန်ဓာတ် ၆ မှ ၆ ဒသမ ၅ ရှိသော နုန်းမြေ၊ သဲနုန်းမြေ၊ နုန်းစနယ်၊ သဲစနယ်နှင့် စနယ်မြေစေးများ ဖြစ်ကြသည်။ ရေသွင်းရန်၊ မြေဩဇာများ ညီညာစွာရရှိရန်၊ အပင်အနိမ့်အမြင့် ညီညာရန်၊ ထွန်ယက်မှု လွယ်ကူရန်အတွက် မြေမျက်နှာသွင်ပြင်ညီညာခြင်းသည် အလွန်အရေးကြီးသည့် အချက်ဖြစ်သည်။ ထယ်ထိုးခြင်းကို ပထမသီးနှံရိတ်သိမ်းပြီးလျှင် တစ်ကြိမ်၊ စိုက်ရာသီတွင် တစ်ကြိမ် ဆောင်ရွက်ပေးရသည်။ ထယ်ရေးကို အနည်းဆုံး ၇ လက်မမှ ၁၀ လက်မအထိ နက်အောင်နှင့် အတိမ်အနက်ညီအောင် ဆောင်ရွက်ရမည်။ ချည်မျှင်ရှည်ဝါကို မိုးကြို၊ မိုး၊ မိုးနှောင်းကာလများတွင် စိုက်ပျိုးနိုင်သည်။ ရာသီဥတုပြောင်းလဲလာခြင်း၊ မိုးရေချိန်နှင့် မိုးရွာရက်များ ပြောင်းလဲတတ်ခြင်းတို့ကြောင့် မိုးကြိုဝါကို ဇန်နဝါရီလလယ်မှ ဖေဖော်ဝါရီလကုန်အတွင်း၊ မိုးစိုက်ဝါကို မေလနှင့် ဇွန်လအတွင်း၊ မိုးနှောင်းဝါကို ဇူလိုင်လမှ စက်တင်ဘာလအတွင်း စိုက်ပျိုးရမည်။

## ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲရန်လို

ချည်မျှင်ရှည်ဝါ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများကို စနစ်တကျသုံးစွဲရန်လိုသကဲ့သို့ သဘာဝဓာတ်မြေဩဇာများကိုလည်း မဖြစ်မနေတွဲဖက်အသုံးပြုရန် လိုအပ်ပါသည်။ သာမန်မြေတစ်ဧကတွင် သဘာဝဓာတ်မြေဩဇာအဖြစ် နွားချေးလှည်း ၁၀ စီး၊ သို့မဟုတ် ဇီဝမြေဩဇာ ၁၀ အိတ်ကို ထည့်သွင်းပေးသင့်ပြီး ဓာတ်မြေဩဇာအဖြစ် စိုက်ထယ်ရေးပြုလုပ်ချိန်တွင် ကွန်ပေါင်းဓာတ်မြေဩဇာတစ်အိတ်ကို မြေခံထည့်သွင်းပြီး အပိန့်ဝင်ချိန်တွင် ယူရီးယားဓာတ်မြေဩဇာအိတ်ဝက်နှင့် ပန်းပွင့်ဖြိုင်ချိန်တွင် ယူရီးယားဓာတ်မြေဩဇာ အိတ်ဝက် ထည့်သွင်းသင့်သည်။ ဝါသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန် သီးနှံတစ်ရာသီတွင် ရွက်ဖျန်းမြေဩဇာ တစ်ကီလိုအား အနည်းဆုံး လေးကြိမ်ဖျန်းပေးသင့်သည်။ ဝါပင်သည် အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်ပါက ပိုးကျရောက်မှု ပိုမိုများပြားသောကြောင့် ဝါတစ်ဧကလျှင် စုပ်စားပိုးများအတွက် ခြောက်ကြိမ်၊ သီးလုံးဖောက်ပိုးများအတွက် နှစ်ကြိမ် ပက်ဖျန်းပေးရလေ့ရှိသည်။ ဝါပင်သည် ပေါင်းမြက်များ၏ရန်ကို ခံနိုင်ရည်မရှိသောကြောင့် ဝါစေ့နှင့်အတူ ပေါင်းမြက်များ တစ်ပြိုင်တည်း ပေါက်မလာစေရန် ဝါစေ့စိုက်ပြီး သုံးရက်အတွင်း Pendimethalin ပေါင်းသတ်ဆေး ပက်ဖျန်းပေးခြင်းဖြင့် ပေါင်းပင်ငယ်များကို နှိမ်နင်းနိုင်သည်။ ဝါစိုက်ပြီး အပင်ပေါက်စုံသည့်အခါ တစ်ပတ်အတွင်း တစ်ကျင်းလျှင် နှစ်ပင်ထက်ပိုသော ဝါပင်များကို နုတ်ခြင်း၊ အပင်မပေါက်သော နေရာများတွင် ဝါပင်ဖာခြင်းတို့ကို ဆောင်ရွက်ရမည်။

ဝါပင်များ ရှင်သန်ဖြစ်ထွန်းရန် အစိုဓာတ်ထိန်းသိမ်းခြင်း၊ ရေပေးသွင်းခြင်းနှင့် ရေထုတ်ခြင်းတို့ကို ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ ရေပေးသွင်းရာတွင် ဝါစိုက်ရာသီအလိုက်၊ အစိုဓာတ်လိုအပ်ချက်အလိုက် မိုးကြိုရာသီတွင် စိုက်ပျိုးချိန်၌ တစ်ကြိမ်၊ စိုက်ခင်းပြုစုချိန်တွင် လေးကြိမ်မှ ငါးကြိမ် သွင်းပေးရန် လိုအပ်သည်။ မိုးနှောင်းရာသီတွင် ဖြည့်စွက်ရေ နှစ်ကြိမ်မှ သုံးကြိမ်သွင်းပေးရပါမည်။ အကယ်၍ မိုးမရွာလျှင် ၁၀ ရက်ခြား တစ်ကြိမ်ခန့် ရေသွင်းပေးရပါမည်။ မိုးများ၍ရေဝပ်နေပါက ရေထုတ်ပေးရန်လိုအပ်သည်။ ထို့အပြင် အပိန့်စတင်ခါနီးအချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံလောက်စွာ မရပါကလည်း ရေပေးသွင်းရန် လိုအပ်ပါသည်။

## အနည်းဆုံး သုံးကြိမ်ကောက်ယူရ

ဝါပင်များ၌ ပြင်ပပုံသဏ္ဌာန်အားဖြင့် ဝါသီးကောင်းစွာကွဲ၍ အတွင်းရှိ ဂွမ်းမွေးများအလွယ်တကူဆွဲကောက်ယူနိုင်သော အချိန်တွင် ဝါစတင်ကောက်ယူရပြီး အနည်းဆုံး သုံးကြိမ် ကောက်ယူရပါသည်။ အချိန်မီ မကောက်သိမ်းနိုင်ပါက ဝါမျိုးစေ့နှင့် ဂွမ်းမွေးများ အပူချိန်နှင့် လေထုစိုထိုင်းဆ မမျှတသောကြောင့် အရည်အသွေး ကျဆင်းစေနိုင်သည်ကို သတိပြုရန် လိုအပ်ပါသည်။ ကောင်းစွာခြောက်သွေ့သော ချည်မျှင်ရှည်ဝါများကို ဝါကြိတ်စက်တွင် ကြိတ်ခွဲသည့်အခါ ချည်မျှင်ရှည်ဝါဂွမ်း ၃၅ ရာခိုင်နှုန်းနှင့် ဝါစေ့ ၆၀ ရာခိုင်နှုန်းကို ရရှိပါသည်။ ထိုချည်မျှင်ရှည်ဝါဂွမ်းများကို ချည်မျှင်ထုတ်လုပ်ခြင်းတွင်အသုံးပြုပြီး ဝါစေ့များကို မျိုးအဖြစ်လည်းကောင်း၊ ဝါစေ့ဆီကြိတ်ခြင်းတွင်လည်းကောင်း ဆက်လက်အသုံးပြုပါသည်။

ချည်မျှင်ရှည် ဝါဂွမ်းများကို ချည်မျှင်ညိုထုတ်လုပ်ရန်အတွက် ဝါဖန်စက်၊ ဗိုင်းတောင့်စက်၊ အကြိုအပင်ပေါင်းစက်၊ ဗိုင်းလိပ်စက်၊ ဘီဖီးစက်၊ အပင်ပေါင်းစက်၊ တည်းလုံးစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်၊ အပင်ပူးစက်၊ အပင်ကျစ်စက်နှင့် ချည်ကုံးလုံးပေါင်းစက်များဖြင့် စုစုပေါင်း လုပ်ငန်းစဉ် ၁၂ ဖြင့် ဆက်လက်ဆောင်ရွက်ရပါသည်။ ချည်မျှင်ရှည်ဝါဂွမ်းမှ ချည်မျိုးစုံထွက်ရှိမှုမှာ ဝါဂွမ်းအလေးချိန်၏ ပျမ်းမျှ ၈၀ ရာခိုင်နှုန်းဖြစ်ပါသည်။ ထိုချည်များကို အထည်ပိတ်ရက်လုပ်ခြင်း လုပ်ငန်းတွင် ကုန်ကြမ်းအဖြစ် ဆက်လက်အသုံးပြုသည့်အပြင် ချည်မျှင်ညို သို့မဟုတ် ဆေးဆိုးချည်အဖြစ် တိုက်ရိုက်ရောင်းချနိုင်ပါသည်။

ဝါကြိတ်စက်ရုံမှ ထွက်ရှိလာသော ဝါစေ့များကို ဝါစေ့ဆီကြိတ်လုပ်ငန်းတွင် ဝါစေ့များကို တိုက်ရိုက်ဆီကြိတ်ခြင်း၊ ဝါစေ့များကို ဝါစေ့ခွံခွဲပြီး ဝါစေ့အဆန်ကို ဆီကြိတ်ခြင်းနှင့် ဝါစေ့များကို လင်တာစက်တွင် လင်တာဂွမ်းချွတ်ပြီး ထွက်ရှိလာသည့် ဝါစေ့ကတုံးကို ဝါစေ့ခွံခွဲ၍ ဝါစေ့အဆန်ကို ဆီကြိတ်ခြင်း စသည့် ပုံစံ သုံးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၁၃ သို့ ✪

✪ စာမျက်နှာ ၁၂ မှ

ထိုကဲ့သို့ ဝါစေ့ဆီကြိတ်သည့် နည်းလမ်းများအနက် ဝါစေ့များကို လင်တာဂွမ်းချွတ်ပြီးမှ ဆီကြိတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဝါစေ့များကို ဆီမကြိတ်မီ လင်တာစက်တွင် လင်တာချွတ်သည့်အတွက် လင်တာဂွမ်းနှင့် ဝါစေ့ကတုံးများ ရရှိပါသည်။ ထိုဝါစေ့ကတုံးများကို ဆီကြိတ်သည့်အခါ ဝါစေ့ခွံ၊ ဝါစေ့ဖတ်နှင့် ဝါစေ့ဆီကြမ်းများ ရရှိပါသည်။ ဝါစေ့ဆီကြမ်းကို ဆက်လက်သန့်စင်သည့်အခါ ဆီကြည်နှင့် ဆီချေးများ ရရှိပါသည်။

ထို့ကြောင့် ဝါစေ့ ပိဿာ ၁၀၀ ကို ဆီကြိတ်လုပ်ငန်း ဆောင်ရွက်ပါက လင်တာဂွမ်း ၆ ဒသမ ၆ ပိဿာ၊ ဝါစေ့ကတုံး ၉၀ ပိဿာရရှိပါမည်။ ထိုဝါစေ့ကတုံး ၉၀ ပိဿာကို ကြိတ်ခွဲပါက ဝါစေ့ခွံ ၃၃ ဒသမ ၆ ပိဿာ၊ ဝါစေ့ဖတ် ၄၅ ပိဿာ၊ ဝါစေ့ဆီကြမ်း ၁၀ ပိဿာရရှိပါမည်။ ဝါစေ့ဆီကြမ်း ၁၀ ပိဿာကို ဆီသန့်အဖြစ် ဆက်လက်ဆောင်ရွက်ပါက ဆီကြည် ၈ ဒသမ ၇ ပိဿာနှင့် ဆီချေး ၂ ဒသမ ၉ ပိဿာ ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဝါစိုက်ဧက ငါးသိန်းမှ ထွက်ရှိမည့် ချည်မျှင်ရှည်ဝါနှင့် ဆက်စပ်ပစ္စည်းများမှာ အောက်ပါဇယားအတိုင်း ဖြစ်သည်-

| စဉ် | ထွက်ကုန်များ | ရေတွက်ပုံ | အရေအတွက် | |
|---|---|---|---|---|
| | | | တစ်ဧက ဝါအထွက်နှုန်း ၅၀၀ ပိဿာ | တစ်ဧက ဝါအထွက်နှုန်း ၇၀၀ ပိဿာ |
| ၁ | ချည်မျှင်ရှည်ဝါ | ပိဿာ | ၂၅၀ သန်း | ၃၅၀ သန်း |
| ၂ | ချည်မျှင်ရှည်ဝါဂွမ်း | ပိဿာ | ၈၇.၅ သန်း | ၁၂၂.၅ သန်း |
| ၃ | ဝါစေ့ | ပိဿာ | ၁၅၀ သန်း | ၂၁၀ သန်း |
| ၄ | လင်တာဂွမ်း | ပိဿာ | ၉.၉ သန်း | ၁၃.၈၆ သန်း |
| ၅ | ဝါစေ့ကတုံး | ပိဿာ | ၁၃၅ သန်း | ၁၈၉ သန်း |
| ၆ | ဝါစေ့ခွံ | ပိဿာ | ၅၀.၃၆ သန်း | ၇၀.၅၆ သန်း |
| ၇ | ဝါစေ့ဖတ် | ပိဿာ | ၆၇.၅ သန်း | ၉၄.၅ သန်း |
| ၈ | ဝါစေ့ဆီကြမ်း | ပိဿာ | ၁၄.၈၅ သန်း | ၂၀.၇၉ သန်း |
| ၉ | ဝါစေ့ဆီကြည် | ပိဿာ | ၁၂.၉၉ သန်း | ၁၈.၁၉ သန်း |
| ၁၀ | ဝါစေ့ဆီချေး | ပိဿာ | ၄.၃၄ သန်း | ၆.၀၇ သန်း |

ဝါစေ့ဆီကို ကြိတ်ခြေရုံဖြင့်ရရှိသော ဆီကြမ်းကို စားသုံးရန်အတွက် မသင့်သေးဘဲ နည်းပညာသုံး၍ ပြန်လည်ပြုပြင်ပြီးသော ဆီချောကိုသာ စား၍ရနိုင်သော (Edible) အဆင့်သတ်မှတ်ကြောင်း တွေ့ရှိရပါသည်။ ဆီကြမ်းအဆင့်မှ စားသုံးဆီအဆင့်သို့ ရောက်ရှိစေရန် ဆီသန့်စင်ခြင်း နည်းစဉ် (Oil Refining Process)ကို အသုံးပြုပြီး ဆီကြမ်းတွင် ပါရှိလာသည့် အချဉ်ဓာတ်၊ အချွဲဓာတ်၊ အရောင်ဆိုး၊ အနံ့ဆိုးတို့နှင့်အတူ အနည်အနှစ်များနှင့် အငွေ့ပြန်နိုင်သော ပစ္စည်းများကို ဖယ်ထုတ်နိုင်မှသာလျှင် သန့်စင်ကြည်လင်သောစားသုံးဆီကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အချွဲချွတ်ခြင်း (Degumming)၊ အချဉ်ချွတ်ခြင်း (Neutralization) နှင့် အအေးခံ၍ အခဲစစ်ထုတ်ခြင်း (Winterization) ဟူသော ဆီသန့်စင်ခြင်းနည်းစဉ်ကို ပြီးပြည့်စုံအောင် ဆောင်ရွက်မှသာ Finished Product ဖြစ်သည့် စားသုံးရန်အဆင့်ကို ရောက်ရှိနိုင်ပါသည်။ ဆီကြမ်း ပိဿာ ၁၀၀ ကို ဆီသန့်စင်သည့်အခါ စားသုံးနိုင်သော ဆီအဆင့်သို့ရောက်သည့်အခါတွင် ဆီသန့်အကြည် ၈၇ ပိဿာ တစ်နည်းအားဖြင့် ၈၇ ရာခိုင်နှုန်း သာကျန်ရှိကြောင်း သိရှိရပါသည်။

**ကြော်လှော်ရန်အတွက်ကောင်းမွန်**

စားသုံးဆီအဆင့်သို့ ရောက်သည်အထိ သန့်စင်ပြီးသော ဝါစေ့ဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းနှင့် ပြည့်ဝဆီ ၂၆ ရာခိုင်နှုန်းတို့ ပါဝင်ဖွဲ့စည်းထားပြီး ၎င်း၏ မီးလောင်မှတ် (Smoke Point) မှာ ၂၁၆ ဒီဂရီစင်တီဂရိတ်ရှိပါသည်။ မီးလောင်မှတ်မြင့်သော ဆီဖြစ်သည့်အားလျော်စွာ စားသောက်ဖွယ်ရာများ ကြော်လှော်ရန်အတွက် ကောင်းမွန်သည့် ဆီအမျိုးအစားဖြစ်သောကြောင့်လည်း တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘရာဇီး၊ အမေရိကန်၊ တူကီယဲ၊ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျနိုင်ငံများ၌ ဝါစေ့ဆီကို စားသုံးဆီအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ ဝါစေ့တွင် ပိုးသတ်ဆေးကဲ့သို့ အာနိသင်ရှိသည့် အရောင်ပေးဒြပ်ပေါင်းတစ်ခုဖြစ်သော ဖီနော(phenol)အုပ်စုဝင် ဂေါ်ဆီပေါ (Gossypol) သည် သဘာဝအတိုင်း ပါရှိနေရာ ၎င်းသည် ဝါစေ့ဆီကြမ်းအဆင့်တွင်လည်း ပျောက်ပျက်မသွားဘဲ ပမာဏတစ်ခုဖြင့် ပါဝင်နေလေ့ရှိပါသည်။ စားသုံးဆီအဆင့် ထိရောက်အောင် သန့်စင်ပြီးမှသာလျှင် ၎င်းဓာတ်ပစ္စည်းကို ဖယ်ရှားလျှော့ချနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဝါစေ့ဆီကြမ်းများကို Finished Product အဖြစ် ဆောင်ရွက်ပြီးမှသာ စားသုံးဆီအဖြစ် အသုံးပြုကြရန် လိုပါသည်။

ဝါစေ့ဆီကြမ်းကို ပိုးသတ်ဆေးအဖြစ်လည်းကောင်း၊ အဝတ်လျှော်ဆပ်ပြာ ပြုလုပ်ရာတွင်လည်းကောင်း၊ အသားအရေထိန်းသိမ်းရန် သုံးစွဲရသည့် အလှကုန်ပစ္စည်းများတွင် လည်းကောင်း၊ ဖောက်ပျောက် ခေါင်းလျှော်ရည်နှင့် နေလောင်ခံခရင်များတွင်လည်းကောင်း သုံးစွဲကြသည်ကို တွေ့ရသည်။ ဝါစေ့ဆီတွင် ကျန်းမာရေးအတွက် ကောင်းကျိုး



အများအပြားရှိပါသည်။ အနာကျက်မြန်စေသောကြောင့် ဒဏ်ရာများတွင် လိမ်းပေးနိုင်ပါသည်။ နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သောကြောင့် ဝါစေ့ဆီကိုစားပေးခြင်း၊ လိမ်းပေးခြင်းဖြင့် အဆစ်ရောင်ခြင်း၊ အဆစ်လွဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။ သွေးအတွင်းကိုလက်စထရောကို လျှော့ချပေးနိုင်ပါသည်။ သွေးပေါင်ချိန်ကို ကျဆင်းစေပြီး သွေးကြောဆိုင်ရာရောဂါ၊ နှလုံးရောဂါတို့မှ ကာကွယ်ပေးနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရှိကြောင်း တွေ့ရှိရပါသည်။ ဝါစေ့ကို ကြိတ်ခွဲရာမှ ထွက်ရှိလာသော လင်တာဂွမ်းကို ပျော့ဖတ်များ၊ ခိုင်မာအားကောင်းသည့် ပလတ်စတစ်နှင့် ဖိုက်ဘာများ၊ စက္ကူအမျိုးမျိုး၊ ရေယွန်ဖိုက်ဘာနှင့် အခြားဓာတုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် ဆက်လက်အသုံးပြုပါသည်။ ဝါစေ့ခွံများကို နွား၊ သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ်နှင့် သဘာဝမြေဩဇာအတွက် ရောစပ်ကုန်ကြမ်းအဖြစ် အသုံးပြုပါသည်။ ဝါစေ့အဖတ်မှာလည်း အာဟာရတန်ဖိုးကြွယ်ဝပြီး အထူးသဖြင့် အသားဓာတ်မြင့်မားစွာ ပါဝင်သောကြောင့် နွား၊ ငါးတိရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာတွင် တိုက်ရိုက်ကုန်ကြမ်းအဖြစ် အသုံးပြုပါသည်။ တိရစ္ဆာန်အစာနှင့် စိုက်ပျိုးရေးတို့အတွက် အသုံးပြုနိုင်ခြင်းကြောင့် ဝါပင်မှ ထွက်ရှိလာသော အပွင့်၊ အဆန်တို့မှာ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေပါသည်။

**လူတစ်ဦးလျှင် ချည်ပိတ် ၂၇ ဒသမ ၄၁ ကိုက် အသုံးပြုနိုင်**

မြန်မာနိုင်ငံရှိ စိုက်ပျိုးထားသော ဝါစိုက်ဧက ငါးသိန်းသည် တစ်ဧက ဝါအထွက်နှုန်း ပိဿာ ၇၀၀ ရှိပါက ဝါပိဿာ သန်း ၃၅၀ ထွက်ရှိပြီး ချည်ပိတ်ကိုက် ၁၃၇၀ ဒသမ ၆ သန်း ထွက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေပျမ်းမျှသန်း ၅၀ ဖြင့် တွက်ချက်ကြည့်ပါက လူတစ်ဦးလျှင် ချည်ပိတ် ၂၇ ဒသမ ၄၁ ကိုက် အသုံးပြုနိုင်ပါမည်။ ဝါစေ့ဆီအားဖြင့် ဝါပိဿာ သန်း ၃၅၀ တွင် ဝါစေ့ပိဿာ သန်း ၂၁၀ ထွက်ရှိပြီး ၎င်းကိုကြိတ်ခွဲလိုက်ပါက ဝါစေ့ဆီကြမ်း ပိဿာ ၂၀ ဒသမ ၇၉ သန်းရရှိပါမည်။ ထိုဝါစေ့ဆီကြမ်းအား သန့်စင်လိုက်ပါက စားသုံးရန်သင့်သော ဝါစေ့ဆီ ပိဿာ ၁၈ ဒသမ ၁၉ သန်းခန့် တစ်နည်းအားဖြင့် ၂၉၇၀၅ တန် ထွက်ရှိနိုင်ကြောင်း သိရှိရပါသည်။ တစ်ဧက ဝါအထွက်နှုန်း ပိဿာ ၅၀၀ ရှိပါက ဝါပိဿာ သန်း ၂၅၀ ထွက်ရှိပြီး ချည်ပိတ်ကိုက် ၉၇၉ သန်းထွက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေပျမ်းမျှ သန်း ၅၀ ဖြင့် တွက်ကြည့်ပါက လူတစ်ဦးလျှင် ချည်ပိတ် ၁၉ ဒသမ ၅၈ ကိုက် အသုံးပြုနိုင်ပါမည်။ စားသုံးရန်သင့်သော ဝါစေ့ဆီ ပိဿာ ၁၂ ဒသမ ၉၉ သန်း တစ်နည်းအားဖြင့် ၂၁၂၁၈ တန်ထွက်ရှိနိုင်ပါသည်။ ဝါစိုက်ပျိုးရေးကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြင့် ဘက်ပေါင်းစုံမှ နိုင်ငံခြားငွေသုံးစွဲရမှုကို များစွာသက်သာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ချည်မျှင်ရှည်ဝါဂွမ်းများ၏ ဂွမ်းမွေးအရှည်သည် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာသာရှိပြီး အနိမ့်ဆုံး ချည်နံပါတ် ၁/၁၆ ချည်မှစ၍ ၁/၂၀ ချည်၊ ၁/၄၀ ချည်နှင့် အချောဆုံး ၁/၆၀ ချည်အထိထုတ်လုပ်နိုင်ပါသည်။ ၁/၁၆ ချည်မှ ဖလန်နယ်ပိတ်၊ ဇင်ပိတ်၊ ချည်စောင်၊ စားပွဲခင်းနှင့် လက်သုတ်ပဝါတို့ ထုတ်လုပ်နိုင်ပါသည်။ ၁/၂၀ ချည်မှလည်း ဖလန်နယ်ပိတ်၊ အမျိုးသားဝတ် ၁/၂၀ ချည်လုံချည်၊ ခြင်ထောင်ဇာ၊ ခြင်ထောင်ပိတ်၊ မျက်နှာသုတ်ပဝါ၊ ချွေးသုတ်ပဝါနှင့် အနီးပိတ်ထုတ်လုပ်နိုင်ပါသည်။ ၁/၄၀ ချည်မှ အမျိုးသားဝတ် ၁/၄၀ ချည်ချောလုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ စွပ်ကျယ်၊ တီရှပ်တို့ ထုတ်လုပ်နိုင်ပြီး ၁/၆၀ ချည်မှ အမျိုးသားဝတ်ချည်လုံချည်များ ထုတ်လုပ်နိုင်ပါသည်။

**ဝါမျိုးစုံစိုက်ပျိုးရန်**
**ဧက ခြောက်သိန်းကျော် လျာထား**

ဂွမ်းမွေးအရှည် ၃၄ မီလီမီတာနှင့် အထက်ရှိသည့် ပြည်ပချည်မျှင်ရှည်ဂွမ်းများနှင့် ၅၀ ရာခိုင်နှုန်း ရောစပ်၍ ထုတ်လုပ်နိုင်ပါက ၂/၈၀ ချည်ချောအထိ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ယခုနှစ် မိမိတို့နိုင်ငံတွင် ဝါမျိုးစုံစိုက်ပျိုးရန် ဧက ခြောက်သိန်းကျော် လျာထားပြီး ချည်မျှင်ရှည်ဝါ ဧက ၄ ဒသမ ၇ သိန်းကျော်စိုက်ပျိုးမည်ဟု သိရသည်။ အဆိုပါ ချည်မျှင်ရှည်ဝါများမှာ အရှည် ၂၈ မီလီမီတာမှ ၃၀ မီလီမီတာသာ ရှိသည့်အတွက် အဆင့်မီချည်ချောထုတ်လုပ်နိုင်စေရန် ဂွမ်းမွေးအရှည် ၃၃ မီလီမီတာမှ ၃၄ မီလီမီတာရှည်သည့် ( Extra-long stable cotton) အလွန်ရှည် ချည်မျှင်ရှည်ဝါမျိုးများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ဆောင်ရွက်လျက်ရှိသည်။ မိမိတို့နိုင်ငံတွင် အရည်အသွေးကောင်းသည့် (A) အဆင့်ရှိဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ပါက ပြည်ပမှ တင်သွင်းမှုများ လျော့နည်းစေမည်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်နိုင်မည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်းများပါ ရရှိစေမည်ဖြစ်ပြီး အထည်ချုပ် လုပ်ငန်းများအတွက်ပါ အထောက်အပံ့ကောင်းကို ရရှိစေမည်ဖြစ်၏။

**လိုအပ်သည့် စက်ပစ္စည်းကိရိယာများ**
**တပ်ဆင်ဆောင်ရွက်ပေးမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်ပါ စီးပွားရေးကဏ္ဍတွင် “ **ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး**” ဟူသည့်အတိုင်း ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ ဝါသီးနှံသည် စားကုန်ဖြစ်သော ဆီအတွက်သာမက လူတို့ဝတ်ဆင်ရေးနှင့် အခြားသော အထည်အလိပ်လုပ်ငန်းများအတွက်ပါ အသုံးဝင်သည့် သီးနှံတစ်ခုအဖြစ် တည်ရှိနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ချောထုတ်လုပ်ရန်အတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် တောင်သူဦးကြီးများအနေဖြင့် ယခုထက်မက ပိုမိုစိုက်ပျိုးမည့် အတွေးစိတ်ကူးများ စီမံထားဖို့သာလိုပါတော့သည်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့်လည်း လယ်ယာထွက်ကုန်စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်ကြမည်ဆိုပါလျှင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမှုနှင့်အတူ နိုင်ငံသားတို့၏ တစ်ဦးချင်း ဝင်ငွေတိုးပွားလာကာ တိုင်းပြည်၏ဝင်ငွေသည်လည်း တိုးပွားလာမည်ဖြစ်ပေသည်။

ဝါသီးနှံသည် အဝတ်အထည်ပစ္စည်းထုတ်လုပ်မှုအတွက်သာမက ပြည်တွင်းဆီဖူလုံရေးအတွက် စားသုံးဆီနှင့်စက်မှုလုပ်ငန်းသုံးဆီကို ဝါစေ့မှထုတ်ယူနိုင်ပြီး ဝါစေ့အခွံနှင့် ဝါစေ့ကြိတ်ဖတ်များကို အသားထုတ်လုပ်မှုတိုးတက်ရေးအတွက် တိရစ္ဆာန်အစာအဖြစ်သာမက မြေဩဇာအဖြစ်ပါ အသုံးပြုနိုင်၍ စီးပွားရေးအရ အရေးပါသော သီးနှံတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လူတို့စားရေး၊ ဝတ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲခြင်းမှအစပြု၍ ကုန်ချောထုတ်လုပ်သည်အထိ ကွင်းဆက်အားလုံးသည် အလုပ်အကိုင် အခွင့်အလမ်းအမျိုးမျိုးနှင့် ကုန်သွယ်ရေးကဏ္ဍများ၊ စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ စသည်တို့အတွက် မောင်းနှင်အားတစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မအိုင်(၂)ဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၉၅ ဧက ရှိသော နယ်မြေကို **“မအိုင်(၂)ဒီရေတော ကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၄)အရ ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် (၂၀၂၄ ခုနှစ် ဇူလိုင် ၄ ရက်)မှစ၍ သတ်မှတ် ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ကဏန်း၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေများ ဝင်ရောက်မှု တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

မအိုင်(၂)ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ကနစို၊ ပင်လယ်အုန်း၊ လမု၊ သမဲ့ဖြူ၊ သမဲ့ကြက်တက်၊ ကျနု၊ မဒမ၊ သရော၊ ကန့်ပလာစသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ ကြက်တူရွေး၊ သိန်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ နှုတ်သီးဝိုင်းရေညှောင့်ငှက်၊ တောဘဲ၊ ငှက်စလုံ (ဒင်ကျီးငှက်) စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ခရု၊ ပုစွန်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်အားပေးထောက်ပံ့

ပဲခူး ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား အားပေးထောက်ပံ့ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူးတို့နှင့်အတူ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ ဟံသာဝတီရှေးဟောင်းကျုံး ရေထွက်ပေါက်အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ရေထွက်ပေါက်အတွင်း အမှိုက်နှင့် ဗေဒါပင်များ ပိတ်ဆို့မှုမရှိစေရေးနှင့် ကျုံးရေကျော်ပေါက်အား သံဆန်ခါများဖြင့် ကာရံထားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် ပဲခူးမြို့ မြို့မဈေးကြီးအတွင်း ရေကျော်ဝင်ရောက်ခဲ့သည့်နေရာအား ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ အနောက်ရွှေနံ့သာဘုန်းတော်ကြီးကျောင်း၊ ဘိုကုန်းရပ်ကွက်ရှိ ဓမ္မာလင်္ကာရဘုန်းတော်ကြီးကျောင်းနှင့် ရွာသစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စားသုံးကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန၏ လူတစ်ဦးချင်းစီအတွက် ဆန်ရိက္ခာဖိုး တစ်လစာ ထောက်ပံ့ပေးအပ်ခဲ့ပြီး သက်ကြီးရွယ်အိုများ၊ ပရဟိတအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးအပ်ခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုဏ္ဏားစုရပ်ကွက်၌ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား ပဲကုလားဟင်းနှင့် ဘဲဥဟင်း ဖြန့်ဝေပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ရပ်ကွက်အတွင်းရှိ ကလေးငယ်များအတွက် အာဟာရမုန့်များ ဝေပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သထုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သထုံ ဩဂုတ် ၃

မွန်ပြည်နယ် သထုံခရိုင်အတွင်း မြို့သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သထုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

**စုပေါင်းသန့်ရှင်း**

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ကျောင်းဝင်းအတွင်း၌ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို အင်အား ၁၆၅ ဦးခန့်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျိုင်းတုံ ဩဂုတ် ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက် ၇ နာရီခွဲက အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ ကျောင်းသားမိဘများက အဆိုပါ ကျောင်းဝင်းအတွင်း ချုံနွယ်များ၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်း ဆောင်ရွက်ကြသည်။



ထို့သို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား ကျိုင်းတုံမြို့ အမှတ်(၁၁)တန်းမြင့်လေ့ကျင့်ရေးကျောင်း ဒုတိယကျောင်းအုပ် ဗိုလ်မှူးကြီး ကျော်ဇေယျာနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၃

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၀ ရက်က နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကံသာယာ ဓမ္မရိပ်သာကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥနှင့် အခြားလှူဖွယ် ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ပြည်တွင်းစက်သုံးဆီမှ**

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသဖြင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများသယ်ယူပို့ဆောင်ရာတွင် ပုံမှန်ထက်အနည်းငယ်နှောင့်နှေးကြန့်ကြာမှု ရှိနိုင်သော်လည်း ပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ၉၈ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၁၉၆ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ၆၉၂ ဆိုင်တို့အပါအဝင် နိုင်ငံတစ်ဝန်းအရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင်ယာဉ်များဖြင့် နေ့စဉ်ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် လိုအပ်ပါက Urgent အစီအစဉ်၊ Special အစီအစဉ်တို့ဖြင့်လည်း ထပ်မံပြီး တစ်ရက်လျှင် ဓာတ်ဆီနှင့် ဒီဇယ်ဆီ စုစုပေါင်း ဂါလန်သုံးသန်းခန့်ကို ပိုမိုဖြန့်ဖြူးပေးလျက်ရှိသည်။ စိစစ်မှုအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၀၀ အနက်မှ ငါးဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိအရောင်းဆိုင် ၁၄၆အနက်မှ ၂၄ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၆၃ ဆိုင်အနက်မှ ၁၉ ဆိုင်တို့တွင်သာ စုပြုံတန်းစီဝယ်ယူမှုဖြစ်ပေါ်နေပြီး ကျန်အရောင်းဆိုင်များတွင် စက်သုံးဆီများရှိသော်လည်း ဝယ်ယူမှုနည်းပါးနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာစွာ တန်းစီဝယ်ယူရခြင်း၊ လမ်းသွားလမ်းလာအများပြည်သူ၊ ခရီးသွားမော်တော်ယာဉ်များအတွက် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်းတို့မရှိစေရေး တန်းစီဝယ်ယူနေသော အရောင်းဆိုင်များအပြင် ကျန်နီးစပ်ရာအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ်၌ စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ဆီပဲပုပ်မျိုးစေ့များ ဆက်လက်ပေးအပ်

မိုးနဲ ဩဂုတ် ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ဆီပဲပုပ်မျိုးစေ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်လင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



ဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခွန်မြင့်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးငိုဘွယ်က တိုင်းရင်းသားဘာသာစကားဖြင့် ပြန်လည် ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ထို့နောက် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား တစ်ဧကလျှင် လေးပြည်နှုန်းဖြင့် ဧက ၁၈၀ အတွက် ဆီပဲပုပ်မျိုးစေ့များကို နမ့်စန်ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး စိုက်ပျိုးသူတောင်သူများအနေဖြင့် တစ်ဧက ရှစ်ပြည်နှုန်းသီးစားအဖြစ် ပြန်လည်ပေးသွင်းသွားရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့ဖြစ်လာစေရေး အသိပညာပေး

မကွေး ဩဂုတ် ၃

မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့ဖြစ်လာစေရေးအတွက် ပလတ်စတစ်များ၊ တစ်ခါသုံးကြွပ်ကြွပ်အိတ်များနှင့် ရေသန့်ဘူးများ သုံးစွဲခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းကို လျှော့ချနိုင်ရန် ရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်မှုကို ဩဂုတ် ၂ ရက်က မကွေးမြို့ရှိ ကန်သာဈေး၊ မြို့မဈေး၊ မင်္ဂလာဈေး၊ ရန်ပယ်ဈေးနှင့် ပြည်တော်သာဈေးတို့တွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေး ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အသိပညာပေး ပိုစတာများ စိုက်ထူခြင်း၊ ဈေးရောင်း၊ ဈေးဝယ်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပလတ်စတစ် အစားထိုးအိတ်များ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အသိပညာပေး ဆောင်ရွက်ခြင်းကို ဩဂုတ်လမှ အောက်တိုဘာလအထိ သုံးလသတ်မှတ်၍ အပတ်စဉ် သောကြာနေ့တိုင်း (Stop Using Plastic Day) အဖြစ် အဆိုပါဈေး ငါးဈေးတွင် တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ကလောမြို့ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော ဩဂုတ် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် ခြင်အန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရည်ရွယ်၍ ယနေ့နံနက် ၇ နာရီက ကလောတပ်နယ် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးတို့ ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းကို ကလောမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ချုံနွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်၊ သံဃာတော် အပါး ၁၀၈၀  အား ဒုတိယအကြိမ် ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူ

**တောင်ကြီး  ဩဂုတ်  ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ဩဂုတ် ၃ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ပထမတောင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ နဝကမ္မအလှူငွေ ကျပ်သိန်း ၃၀၊ ဆွမ်းဆန်တော်၊ စားသုံးဆီတို့ကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများသည် အရိယဝံသ မြို့ဦး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဆွမ်းဆန်တော်၊ စားသုံးဆီနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်၊ စားသုံးဆီနှင့် အသစ်ပြန်လည်တည်ဆောက်မည့် သာသနာ့ဓဇကျောင်းဆောင်အတွက် အလှူငွေကျပ်သိန်း ၃၀ ဆက်ကပ်လှူဒါန်းကာ အသစ်ဆောက်လုပ်နေသည့် ကျောင်းဆောင်သစ်နှင့် ဆွမ်း၊ ဆွမ်းဟင်းချက်ဆောင်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တောင်ကြီးမြို့ပေါ်ရှိ စာသင်တိုက်များမှ ဆရာတော်၊ သံဃာတော်များအား ဒုတိယအကြိမ် ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူပွဲကို ယနေ့နံနက် ၅ နာရီက တောင်ကြီးမြို့ သာသနာလင်္ကာရ ကမ္ဘာ့ဇသာသနာ့ဗိမာန်ကျောင်းရှေ့၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများတက်ရောက်၍ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ အချိုပွဲများ၊ သစ်သီးများ၊ ခေါက်ဆွဲခြောက်များ လောင်းလှူကြသည်။

အဆိုပါ ဒုတိယအကြိမ် ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိ



စာသင်တိုက်များမှ ရဟန်းအပါး ၃၀၀၊ သာမဏေ အပါး ၇၈၀ပါး စုစုပေါင်း အပါး ၁၀၈၀ အား လောင်း လှူခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)ကျောင်းသား ကျောင်းသူများ စွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန်  ဩဂုတ်  ၃**

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)၏ ရွှေရတုအထိမ်းအမှတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်ရှိ အဆိုပါမျက်မမြင်ကျောင်း(ခဝဲခြံ)၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းသားကျောင်းသူလေးများက ကဗျာရွတ်ပြိုင်ခြင်း၊ သီချင်းဆိုပြိုင်ခြင်း၊ ကျမ်းစာရွတ် ပြိုင်ခြင်းတို့ကို ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင်ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ မျက်မမြင်ကျောင်း(ခဝဲခြံ)တွင် နှစ်စဉ် ကျောင်းဖွင့်ချိန် ဇွန်လမှစတင်ကာ အသက်၅ နှစ်မှ ၂၅နှစ်အတွင်း လူမျိုးဘာသာမရွေး အမြင်အာရုံမသန်စွမ်းသူကို ကျောင်းအပ်လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ ကျောင်းအနေနဲ့ မျက်မမြင်ကျောင်း ဖြစ်တာကြောင့် မျက်မမြင်လက်စမ်းစာနဲ့ နေ့စဉ် သွားလာလှုပ်ရှားမှု၊ နေ့စဉ်နေထိုင်သက်ရှင်မှုကို သင်ကြားပေးပါတယ်။ ကျောင်းပညာအနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ သင်ရိုးညွှန်းတမ်း ကျောင်းစာအပြင် လက်မှု အတတ်ပညာတွေကိုလည်း သင်ကြားပေးပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးဒေါ်ဇီးနာဒွန်းက ပြောသည်။

ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ)စတင်တည်ထောင်ခဲ့သည့် ၁၉၇၅ နှစ်မှ ယနေ့အထိ ဘွဲ့ရကျောင်းသား ကျောင်းသူ ၄၇ ဦး၊ဒသမတန်းအောင်မြင်ပြီးသူ ၉၃ ဦးရှိခဲ့ကြောင်းသိရသည်။ ယခုပညာသင်နှစ်တွင်ကျောင်းသားကျောင်းသူ ၁၀၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ရတီ

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပင်လောင်းမြို့၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ပင်လောင်း  ဩဂုတ် ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့တွင် ယမန်နေ့နံနက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်နေရာအချို့၌ လူနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခြင်းနှင့် ရပ်ကွက်ချင်းဆက် လမ်းမများပေါ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ပင်လောင်းမြို့ရှိ ရပ်ကွက်အချို့သည် မြေနိမ့်ပိုင်းရေဝပ်ဧရိယာများဖြစ်သဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရေစီးရေလာကောင်းမွန်ရေးနှင့် ရေအမြန်ကျရေး တာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပင်လောင်းမြို့သည် မိုးများသည့်ဒေသဖြစ်ပြီး ယခင်နှစ်များတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်များအတွင်း ရေများဝင်ရောက်ခြင်းနှင့် ရပ်ကွက်ချင်းဆက် လမ်းမများပေါ် ရေကြီးရေလျှံမှုများဖြစ်



ပွားခဲ့သည်။ အလားတူ ယခုနှစ်တွင်လည်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ယခင်နှစ်ထက် ရေအမြင့်နှစ်ပေကျော် ပိုမိုမြင့်တက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပင်လောင်းမြို့အတွင်း ရေကြီးရေလျှံနေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် နယ်မြေခံတပ်နယ်ခေတ္တတပ်နယ်မှူးနှင့် အရာရှိ၊ စစ်သည်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုကြပြီး စက်ယန္တရားဖြင့် ရေအမြန်ကျရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးကာ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့  ငါးပေခန့် (၁၄၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခန့် (၁၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီ မီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

# လေးရက်အတွင်း လူဦးရေ ၂၀၀ ဝန်းကျင်ကို မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုး ဆောင်ရွက်ပေးသွားမည်ဟု စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

ရန်ကုန် ဩဂုတ် ၃

လေးရက်အတွင်း လူဦးရေ ၂၀၀ ဝန်းကျင်ခန့်ကို မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။ မြန်မာသံရုံး စင်ကာပူမြို့၌ Online Appointment ရယူရန် အခက်အခဲရှိသည့် နိုင်ငံကူးလက်မှတ်သက်တမ်းတိုး(သို့မဟုတ်) နေထိုင်ခွင့်သက်တမ်း ၁၄ လအောက် ကျန်ရှိသူများအနက် ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်မှ ဩဂုတ် ၈ ရက်အတွင်း လာရောက်၍ သက်တမ်းတိုးရရှိသည့်စာရင်းအား သံရုံးမှ ကြေညာထားခြင်းဖြစ်သည်။

သံရုံး၏ Whatsapp သို့ စာရင်းပေးပို့သူများအနက်မှ ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ တစ်ရက်လျှင် လူဦးရေ ၄၈ ဦးကို မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးဆောင်ရွက်မည်ဖြစ်ပြီး သက်တမ်းတိုးခွင့်ရရှိသူများ၏ စာရင်းကိုလည်း သံရုံးမှ အသိပေးထုတ်ပြန်ထားသည်။

သက်တမ်းတိုးလာရောက်ဆောင်ရွက်သူများသည် နံနက် ၁၀ နာရီအရောက် သံရုံးသို့လာရောက်ပါရန် Passport နှင့် IC Card မူရင်း/



မိတ္တူများယူလာရန်၊ သက်တမ်းတိုးရန်အတွက် ပုံစံများအား ဓာတ်ပုံတစ်ပုံနှင့်အတူ ပြည့်စုံစွာဖြည့်စွက်လာပါရန်နှင့် သတ်မှတ်ထားသည့်ရက်အတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်ကျော်လွန်ပါက သီးခြားထပ်မံလျှောက်ထားရန် လိုအပ်ကြောင်း သိရသည်။

မြန်မာသံရုံး၏ Whatsapp သို့ စာရင်းပေးပို့ရာတွင် စာရွက်စာတမ်းအတု၊ အခကြေးငွေရယူသူများမှတစ်ဆင့် ပေးပို့လာခြင်းများအပေါ် သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း၊ မြန်မာသံရုံးဘက်မှ မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အေးဂျင့်များကိုမျှ ဝန်ဆောင်မှုရယူရန်နှင့် တန်းစီဇယားလုပ်ဆောင်ခွင့် ပေးအပ်ထားခြင်း မရှိကြောင်း အသိပေးထားသည်။

မြန်မာသံရုံး၏ Whatsapp သို့ ပေးပို့ရာ၌ နေ့ရက်တစ်ခုအတွင်း နှစ်ကြိမ်ခန့်ပေးပို့နိုင်ပြီး နောက်ရက်များတွင် ထပ်မံပေးပို့ခြင်းမပြုကြရန်၊ ထပ်မံပေးပို့ပါက ၎င်းပေးပို့သည့်အကြိမ်တိုင်းတွင် တန်းစီဇယား အနောက်သို့ ရောက်ရှိနိုင်သဖြင့် မလိုလားအပ်ဘဲ ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ပေးပို့ပြီး တစ်ပတ်အတွင်း သံရုံး website ၌ ထုတ်ပြန်ကြေညာသည့် စာရင်းကို အမည်စာရင်းပါဝင်မှု ရှိ/မရှိ စောင့်ကြည့်ပေးရန် သံရုံးက အသိပေးထားသည်။

စင်ကာပူနိုင်ငံရောက် အသက် (၆၅)နှစ်နှင့်အထက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုး ဆောင်ရွက်ရာတွင် သံရုံး Website၊ Whatsapp တို့၌ ကြိုတင်ရက်ချိန်းယူရန်မလိုအပ်ဘဲ ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးမည်ဖြစ်၍ သံရုံးသို့ နံနက်ပိုင်းတွင် လူကိုယ်တိုင်တိုက်ရိုက်လာရောက် သက်တမ်းတိုး ဆောင်ရွက်နိုင်ကြောင်း အသိပေးထားသည်။ MT

# တာချီလိတ်မြို့၌ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေးနည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်

တာချီလိတ် ဩဂုတ် ၃

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပူးပေါင်း၍ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေးနည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် ထိုင်းနိုင်ငံမှ ဗိုလ်မှူးကြီး Pitchet Punpeng ညွှန်ကြားရေးမှူး၊ စီမံရေးနှင့်စီမံကိန်းဌာန၊ နယ်စပ်ရေးရာဌာနတို့က အမှာစကားပြောကြားပြီး တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေးအတွက် ကွန်ပျူတာ နှစ်စုံ၊ LCD Screen 65 inches တစ်ခုနှင့် LCD Screen 55 inches နှစ်ခုတို့ကို ဗိုလ်မှူးကြီး Pitchet Punpeng က ပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူတို့က လက်ခံရယူသည်။



အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံမှ သင်တန်းသား ၁၈ ဦး တက်ရောက်ပြီး ထိုင်းနိုင်ငံမှ နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များက သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ် တပိုင်မူးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

ပင်လောင်း ဩဂုတ် ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ပေါ့အင်ကျေးရွာအုပ်စု တပိုင်မူးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် တပိုင်မူးကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ရွေးချယ်ပေး**

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်း ပြောကြားကာ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂

ကုန်သွယ်/စီးပွား

# နတ်တလင်းမြို့နယ်တွင် ဖြစ်ပေါ်နေသော ဇူလိုင်လ မတ်ပဲဈေးနှုန်း အခြေအနေ

နတ်တလင်း ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်ရှိ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံများတွင် ဇူလိုင်လတွင်ရောင်းဝယ်နေသော မတ်ပဲ ဈေးနှုန်းများမှာ ဇွန်လအတွင်း ရောင်းဝယ်ခဲ့သော ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဈေးမတိမ်းမယိမ်းဖြင့်သာ ရောင်းဝယ်နေကြသည်ကို တွေ့ရှိရသည်။

ယခင်ဇွန်လ စတုတ္ထပတ်တွင် ရောင်းဝယ်ခဲ့သော ဈေးနှုန်းမှာ မတ်ပဲ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ငွေကျပ် ၁၀၇၀၀၀ မှ ငွေကျပ် ၁၀၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဇူလိုင်လ ပထမပတ်တွင်လည်း ငွေကျပ် ၁၀၇၀၀၀ မှ ငွေကျပ် ၁၀၇၅၀၀ ဈေးအကျဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဇူလိုင်လ ဒုတိယပတ်တွင် ပိဿာ ၂၀ ဝင်တစ်တင်းလျှင် ငွေကျပ် ၁၀၇၅၀၀ မှ ငွေကျပ် ၁၀၉၀၀၀ အထိ ပြန်လည်ဈေးတက်လာသည်ကို တွေ့ရသည်။ မတ်ပဲဈေးနှုန်းမှာ ဆက်လက်မြင့်တက်လျက်ရှိပြီး ယခု ဇူလိုင်လ စတုတ္ထအပတ်တွင်လည်း ငွေကျပ် ၁၀၉၀၀၀ မှ ငွေကျပ် ၁၀၉၈၀၀ ဈေးအမြင့်ဖြင့် ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။

တင်ပို့ရောင်းချမှုအနေဖြင့် အရောင်းအဝယ်အေးနေပြီး ပုံမှန်တင်ပို့ရောင်းချရမှုမရှိကြောင်း နတ်တလင်းမြို့နယ်အတွင်းရှိ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံများထံမှ စုံစမ်းသိရှိရသည်။ DOCA(ပဲခူး)

# ဇူလိုင်လ စတုတ္ထအပတ်တွင် ရွှေဘိုနှမ်းနက် ဈေးနှုန်းမြင့်တက်လာ

ရွှေဘို ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်ရှိ တာဝန်ရှိသူများနှင့် ဆက်သွယ်မေးမြန်းမှုအရ ဇွန်လ ပထမအပတ်မှစတင်၍ ရွှေဘိုဈေးကွက်သို့ နွေနှမ်းနက်များ စတင်ဝင်ရောက်ခဲ့ပြီး ဇူလိုင်လ စတုတ္ထအပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀၀ ပေါက်ဈေးရှိကာ အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၇၅၀(၁၈ တန်)ဖြစ်ကြောင်း သိရသည်။

ယခင်အပတ်နှင့် ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်အပတ်၌ နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၁၅၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုအပတ်တွင် ယခင်အပတ်ထက် နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ ဈေးပိုမိုရရှိခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကိုနှိုင်းယှဉ်ပါက ယခင်နှစ်ကာလတူ၌ နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၁၀၃၃၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် နှမ်းနက်တစ်တင်းလျှင် ငွေကျပ် ၆၆၇၀၀ ဈေးပိုမိုရရှိခဲ့ကြောင်း သိရသည်။ DOCA(စစ်ကိုင်း)

# ကျောက်ဆည်ခရိုင်၌ မိုးစပါးများ စတင်စိုက်ပျိုး

ကျောက်ဆည် ဩဂုတ် ၃

ကျောက်ဆည်ခရိုင်၌ မိုးစပါးများစတင်စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ကေအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၆၀၃၅ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၅၆၉ ဧက၊ မြစ်သားမြို့နယ်တွင် ၁၃၄၁၉ ဧက စုစုပေါင်း ၃၉၀၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့၏ စာရင်းများအရ သိရသည်။

မိုးစပါးကို ပျိုးထောင်စနစ်၊ ပက်ကြဲစနစ်များဖြင့် စိုက်ပျိုးထားကြပြီး အများဆုံးစိုက်ပျိုးသော မျိုးများမှာ ရောပဒေသာမျိုးနှင့် မနောသုခမျိုးများ ဖြစ်ကြောင်း၊ စိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ်အနေဖြင့် လုပ်သားခ၊ သွင်းအားစုအပါအဝင် စုစုပေါင်း ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

စပါးဈေးနှုန်းအနေဖြင့် ယခင်နှစ် မနောသုခစပါးတစ်တင်းလျှင် ငွေကျပ် ၁၇၅၀၀၊ ရောပဒေသာစပါးတစ်တင်းလျှင် ငွေကျပ် ၁၉၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ပြီး ယခုနှစ် မနောသုခ စပါးတစ်တင်းလျှင် ငွေကျပ် ၂၃၀၀၀၊ ရောပဒေသာစပါး တစ်တင်းလျှင် ငွေကျပ် ၂၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ စပါးများ အထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းများကောင်းမွန်ပါက တောင်သူများအကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း မိုးစပါးစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ DOCA(မန္တလေး)

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**

(၂၀-၇-၂၀၂၄ ရက်နေ့မှအဆက်)

ထိုအခါ မင်းကြီးသည် မြို့သူ မြို့သားတို့အား "သီရိမာအလောင်းကို သွားကြည့်လော"ဟု မိန့်တော်မူပြီးနောက် ဘုရားရှင်ထံသို့လည်း သံဃာတော်များနှင့်တကွ သွားရှုပါဟု ပင့်လျှောက်ထားလေသည်။ ဘုရားရှင်က ရဟန်းများကိုလည်း သီရိမာအလောင်းကို သွားကြည့်ကြလော့ဟု မိန့်တော်မူလေသည်။ သုံးရက်တိုင် ထမင်းမစားဘဲ အိပ်ရာထဲလဲနေသော ရဟန်းကလည်း ရုတ်တရက်ထ၍ ရဟန်းများနှင့်အတူ လိုက်ပါသွားကြည့်လေသည်။

ဘုရားရှင်ကလည်း ရဟန်းအပေါင်းခြံရံလျက် သီရိမာအလောင်းရှိရာ သုသာန်သို့ ကြွလာလေသည်။ ဘုရားရှင်က မင်းကြီးအား "အသက်ရှင်စဉ်က သီရိမာသည် မည်မျှတန်ဖိုးထိုက်သလဲ" ဟု မေးလေသည်။

ငွေတစ်ထောင်ပေးမှ တစ်ညတာအတွက် ရနိုင်လေသည်ဟု လျှောက်ထားသည်။ ဘုရားရှင်ကပင် ယခုသီရိမာကို ငွေတစ်ထောင်ပေး၍ ဝယ်မည်လောဟုမေးလေသည်။ "အရှင်ဘုရား ယခုအခါ ငွေတစ်ထောင်ပေးဖို့မဆိုထားနှင့်ဦး။ အလကားပေးသည့်တိုင်အောင် မည်သူမျှယူမည့်သူမရှိကြောင်း" လျှောက်ထားလေသည်။

ဘုရားရှင်သည် ဤသီရိမာ၏ကိုယ်ကို ကြည့်ကြလော့ "ယင်းသို့ ရုပ်နာမ်အစုအဝေးတို့သည် ခန္ဓာကိုယ်မှ အမြဲအရှည်တည်ခြင်းမရှိပေ"ဟူ၍ ဟောကြားတော်မူသည်။ ထို့နောက် တစ်ဆယ့်လေးဂါထာရှိသော "ဝိဇယသုတ္တန်" တရားတော်ကို ဟောကြားတော်မူသည်။ ဤတရားကို နာကြားရသည်ရှိသော သီရိမာအား တပ်မက်စွဲလမ်းရှိသူ ရဟန်းသည် သောတာပန်ဖြစ်သွားလေသည်။

ဥတ္တရာ၏ ခင်ပွန်းဖြစ်သူ နန္ဒသူဌေးသားသည် ထိတ်လန့်သံဝေဂရလျက် ဥတ္တရာကား ငါ၏ကျေးဇူးရှင်ဖြစ်ပေသည်။ သူ့ကိုအမှီပြု၍ ဆင်းရဲအပေါင်းကင်းရာလမ်းကို မြင်ရပေ၏ဟု နှလုံးထား၍ ဥတ္တရာအား အလွန်နှစ်သက် ရိုသေခြင်းရှိသောကြောင့် အမိအရာ၌ထား၍ သင်ဆုံးမတိုင်းလည်း လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ချလေသည်။ ထိုအခါမှစ၍ "နန္ဒမာတာ" (နန္ဒ၏မိခင်) ဟု ဝိသေသအထူး တွင်လေသည်။

(သာမာဝတီက အမိပမာ၊ ဆရာသမားကဲ့သို့ လေးစားအပ်သော၊ ဥဇ္ဇုတ္တရာ အမျိုးသမီးသည် 'ဥတ္တရာ' ဟု တွင်သည်။ ထို့ကြောင့် ဤဥတ္တရာကိုလည်း "နန္ဒမာတာဥတ္တရာ" ဟု ခွဲခြား၍ ခေါ်ဆိုလေသည်။)

### ဘုရားရှင် သာဝတ္ထိပြည်သို့ကြွတော်မူခြင်း အာဠဝီပြည်တွင်နေသော ဆင်းရဲသားတစ်ဦးကို ချေချွတ်ခြင်း

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သတ္တရသမ (၁၇) ဝါမြောက် သီတင်းသုံးတော်မူသည်။ ဝါကျွတ်သော် ဘုရားရှင်သည် ကျွတ်ထိုက်သူများ ချေချွတ်ပြီးနောက် သာဝတ္ထိပြည်သို့ ကြွတော်မူသည်။ သာဝတ္ထိပြည်သို့ရောက်သောအခါ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသည်။

တစ်နေ့သောအခါ ဘုရားရှင်သည် နံနက်မိုးသောက်အချိန် သတ္တလောကကြီးကို ကြည့်ရှုသော် ဆင်းရဲသားတစ်ဦး(အာဠဝီပြည်သား) သောတာပန်ဖြစ်လတ္တံ့ကို မြင်တော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် သာဝတ္ထိပြည်မှ ယူဇနာသုံးဆယ်ဝေးသော အာဠဝီပြည်သို့ ရဟန်းငါးရာခြံရံလျက် ကြွတော်မူသည်။

အာဠဝီပြည်သို့ ရောက်သောအခါ ဘုရားရှင်အား ပြည်သူပြည်သားများက ဆီးကြိုဖူးမြော်ကြလေသည်။ နောက်တစ်နေ့နံနက်တွင် ဆွမ်းပင့်ဖိတ်ကပ်ကြကုန်သည်။ ယင်းအာဠဝီပြည်သား ဆင်းရဲသားသည် ဘုရား၏တရားကိုနာလိုသည်။ နောက်တစ်နေ့ နံနက်စောစောတွင် သူ၏နွားတစ်ကောင် ပျောက်သည်။ ထို့ကြောင့် တရားကိုဖြောင့်ဖြောင့် နာနိုင်ရန် ယင်းနွားကိုရှာပြီးမှ ဘုရား၏ တရားတော်ကိုနာရမည်ဟု ဆုံးဖြတ်လေသည်။

အာဠဝီပြည်သားတို့သည် ဘုရားရှင်နှင့်တကွ သံဃာတော်များကို နေရာထိုင်ခင်းများ စီစဉ်ပေးပြီး သီတင်းသုံးစေလျက် ဆွမ်းဘောဇဉ်များကို ဆက်ကပ်လေသည်။ ဆွမ်းများကပ်ပြီးသောအခါ ဘုရားရှင်၏တရားကို နာရန်စောင့်နေပေသည်။ ထိုအခါ ဘုရားရှင်က"ငါသည် ဤယူဇနာသုံးဆယ်ဝေးသော အာဠဝီပြည်သို့ ထိုဆင်းရဲသား သောတာပန်ဖြစ်အံ့အတွက် လာရောက်ခြင်းဖြစ်သည်။ ၎င်းဆင်းရဲသားသည် နွားပျောက်ရှာနေသည်။ ၎င်းရောက်မှ တရားဟောမည်ဆိုပြီး" ဘုရားရှင်သည် ဆိတ်ဆိတ်နေလေသည်။

ဆင်းရဲသားသည် နွားကိုနေမြင့်မှရှာတွေ့သည်။ ၎င်းရှာတွေ့သောနွားကို နွားအုပ်ထဲသို့ သွင်းသည်။ ထိုအချိန်၌ ၎င်းသည် နံနက်စာထမင်း မစားရသေး၍ဆာနေသည်။ သို့သော် ဘုရား၏ တရားနာပြီးမှ စားမည်ဆုံးဖြတ်၍ ဘုရားရှင် တရားဟောသည့်နေရာသို့ အရောက်သွားသည်။ ဘုရားရှင်သည် ထိုဆင်းရဲသား ဆာလောင်မွတ်သိပ်သည်ကိုသိ၍ ဆွမ်းကပ်သောအမှုကိစ္စ ဆောင်ရွက်သည့် ဒါယကာတို့အား ၎င်းကို ထမင်းအကျန်ရှိလျှင် ကျွေးလော့မိန့်တော်မူသည်။ ထိုဆင်းရဲသား ထမင်းစားသောက်သောအခါ ဘုရားရှင်က ဆင်းရဲသားအား ဦးတည်ပြီး ဒါန၊ သီလ၊ သဂ္ဂ၊ မဂ္ဂ၊ ကာမာနံ အာဒီနဝ၊ နေက္ခမ္မအာနိသံသတည်း ဟူသော တရားအစဉ်တိုင်း ဟောလေသည်။ သစ္စာလေးပါးမြတ်တရားကိုလည်း ပြတော်မူသည်။ ဆင်းရဲသား ရောက်လျှင်ရောက်ချင်း ဘုရားရှင်က တရားမဟောဘဲ ၎င်းအား ထမင်းကျွေးစေခြင်းသည် ဆာလောင်မွတ်သိပ်နေလျှင် သူ၏စိတ်တည်ကြည်မှုမရ၊ တရားအပေါ် စိတ်မဝင်စားမည်ကိုသိ၍ ထမင်းကို အရင်ကျွေးမွေးခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ဘုရားရှင်ဟောသောတရားကို နာကြားပြီးသောအခါ ၎င်းဆင်းရဲသားသည် သောတာပန်ဖြစ်သွားလေသည်။ ဘုရားရှင်ကလည်း တရားပွဲပြီးသည်နှင့် တစ်ပြိုင်နက် နေရာမှထ၍ ကြွတော်မူလေသည်။

ရဟန်းတို့သည် လမ်း၌ ဘုရားရှင်၏ ယခုအချိန်ပြုမူဆောင်ရွက်ခြင်းကို အံ့ဩနေကြသည်။ ထို့ကြောင့် တီးတိုးပြောကြားနေသည်။ ဘုရားရှင်က ရဟန်းတို့၏ ပြောကြားသော စကားကို အခြေခံ၍ ယခုလို ယူဇနာသုံးဆယ်ဝေးသောနေရာသို့လာခြင်းမှာ ထိုဆင်းရဲသားသောတာပန်ဖြစ်ရေးအတွက် တရားဟောတော်မူခြင်း ဖြစ်ပါသည်။ ၎င်းအား တရားကို ထိုးထွင်းမသိမြင်မည်စိုး၍ ၎င်းဆာလောင်မွတ်သိပ်နေခြင်းကို အရင်ဆုံးဆောင်ရွက်စေပြီးမှ တရားဟောခြင်းဖြစ်ကြောင်း ရှင်းလင်းဟောကြား မိန့်မြွက်လေသည်။

ဘုရားရှင်က ဆက်လက်၍ **"ရဟန်းတို့ (၁)ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ပြင်းထန်ဆုံးသော ရောဂါမည်၏။ (၂) ခန္ဓာငါးပါးသင်္ခါရတရားတို့သည် အလွန်ကဲဆုံးသော ဆင်းရဲခြင်းမည်ကုန်၏။ (၃) နိဗ္ဗာန်သည် အလွန်ကဲဆုံးသော ချမ်းသာမည်ကုန်၏။ (၄) ပညာရှိတို့သည် ဤသို့ အမှန်တရားကို သိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏"** ဟူ၍ ဂါထာဖြင့် တရားတော်ကို ဟောကြားလေသည်။

**"ဘုရားရှင်သည် ထိုဆင်းရဲသား ဆာလောင်မွတ်သိပ်သည်ကိုသိ၍ ဆွမ်းကပ်သောအမှုကိစ္စဆောင်ရွက်သည့် ဒါယကာတို့အား ၎င်းကို ထမင်းအကျန်ရှိလျှင် ကျွေးလော့ မိန့်တော်မူသည်။ ဆင်းရဲသား ထမင်းစားသောက်သောအခါ ဘုရားရှင်က ဆင်းရဲသားအား ဦးတည်ပြီး ဒါန၊ သီလ၊ သဂ္ဂ၊ မဂ္ဂ၊ ကာမာနံ အာဒီနဝ၊ နေက္ခမ္မအာနိသံသတည်း ဟူသော တရားအစဉ်တိုင်းဟောလေသည်။ သစ္စာလေးပါးမြတ်တရားကိုလည်း ပြတော်မူသည်။ ဆင်းရဲသား ရောက်လျှင်ရောက်ချင်း ဘုရားရှင်က တရားမဟောဘဲ ၎င်းအား ထမင်းကျွေးစေခြင်းသည် ဆာလောင်မွတ်သိပ်နေလျှင် သူ၏စိတ်တည်ကြည်မှုမရ၊ တရားအပေါ် စိတ်မဝင်စားမည်ကိုသိ၍ ထမင်းကို အရင်ကျွေးမွေးခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ဘုရားရှင်ဟောသောတရားကို နာကြားပြီးသောအခါ ၎င်းဆင်းရဲသားသည် သောတာပန်ဖြစ်"**

### စာလိယတောင်၌ (၁၈) ဝါ၊ (၁၉) ဝါမြောက် နှစ်ဝါ ကပ်ဆိုခြင်း

### ဘုရားရှင်သည် အာဠဝီပြည်မှ ရက်ကန်းသည်သမီးငယ်ကို ချွတ်ခြင်း

ဘုရားရှင်သည် အာဠဝီပြည်မှ ချေချွတ်ထိုက်သူများ ချွတ်ပြီးနောက် သာဝတ္ထိပြည် ပြန်ကြွလာသည်။ ၎င်းပြည်ရှိ စာလိယတောကျောင်း၌ အဋ္ဌာရသမ (၁၈) ဝါမြောက် ဝါကပ်သီတင်းသုံးတော်မူသည်။ ချေချွတ်ထိုက်သူများကိုချွတ်၍ တရားဟောသည်။ ဝါကျွတ်သောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသီတင်းသုံးတော်မူသည်။

ဘုရားရှင်သည် တစ်နေ့သောအခါ မိုးသောက်ယံ၌ သတ္တလောကကြီးကို ကြည့်ရှုသောအခါ လွန်ခဲ့သောသုံးနှစ်က ဘုရားရှင်ဟောကြားသည့်အတိုင်း မရဏာဿတိကမ္မဋ္ဌာန်း အမြဲမပြတ်ရှုပွားနေသော ရက်ကန်းသည်သမီးကို ဆင်ခြင်မိလေသည်။ ၎င်းသည် သောတာပန်ဖြစ်လတ္တံ့ကို သိတော်မူသည်။ ဘုရားရှင်သည် ရဟန်းငါးရာခြံရံလျက် ဇေတဝန်ကျောင်းမှ အာဠဝီပြည်သို့ ကြွမြန်းတော်မူသည်။

ယင်းသို့ ဘုရားရှင် ကြွမြန်းလာသည်ကို အာဠဝီပြည်သူ ပြည်သားများသိသောအခါ ဘုရားရှင်ထံသို့ သွား၍ ဆွမ်းပင့်ဖိတ်ကြားပြီး ဖူးမြော်ကြလေသည်။ ထိုရက်ကန်းသည်မ၏သမီးပျိုသည် ဘုရားရှင်ကို မဖူးမြော်ရသည်မှာ ကြာပြီဖြစ်သည်။ သူသွားရောက်ဖူးမြော်ပေမည်ဟု ဝမ်းမြောက်ဝမ်းသာ ရှိနေပေသည်။ နောက်တစ်နေ့နံနက်၌ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့အား အာဠဝီပြည်သူ ပြည်သားအပေါင်းသည် ဆွမ်းဘောဇဉ်တို့ကိုကပ်၍ တရားနာရန် စီမံနေကြလေသည်။ ယင်း ရက်ကန်းသည်မ၏ သမီးပျိုကလည်း သူ၏ဖခင်မှာသော ရက်ဖောက်လုံးကိုစွမပြီးသေး၍ ဘုရားထံသို့ မသွားနိုင်သေးပေ။ ဘုရားရှင်ကလည်း ယူဇနာသုံးဆယ်ဝေးသောနေရာသို့ဤမိန်းကလေးအတွက်လာရခြင်းဖြစ်သောကြောင့် ၎င်းမလာသေး၍ သူလာမှ တရားဟောမည်ဟုကြံ၍ တရားမဟောဘဲ ၎င်းအားစောင့်နေလေသည်။

ထိုမိန်းကလေးသည် သူ၏ဖခင်မှာသည့် ရက်ဖောက်ကိုစွ ပြီးသွားသောအခါ ဘုရားထံသို့ အမြန်လာသည်။ ထို့နောက်ပရိသတ်၏အစွန်၌ နေလေသည်။ ဘုရားရှင်သည် မော့၍ ထိုအမျိုးသမီးကို ကြည့်တော်မူသည်။ ယင်းအခြင်းအရာကို မြင်လျှင် ဘုရားရှင်သည် ငါ့ကို သူ့အနီးသို့လာစေလိုသည် ထင်၍ ငါဘုရားရှင်အနီးသို့သွားမည်ဟု ဆုံးဖြတ်၍ ဘုရားရှင်နားသို့ သွားရောက်ကာ ဆည်းကပ်ဖူးမြော်လေသည်။ ဘုရားရှင်သည် ၎င်းအမျိုးသမီးလေးအား ပြဿနာလေးရပ်ကိုမေး၍ ဖြေစေသည်။

(၁) သတို့သမီးငယ် "သင် ဘယ်အရပ်က လာသနည်း"

"မသိပါဘုရား"

(၂) "သင် ဘယ်ကိုသွားမည်နည်း"

"မသိပါဘုရား"

(၃) "သင်မသိဘူးလော"

"သိပါသည်ဘုရား"

(၄) "သင်သိသလော"

"မသိပါဘုရား"

ဤသို့ဖြင့် ဘုရားရှင်မေး၍ ဖြေနေသည်ကို အဓိပ္ပာယ်အားမသိကြသော ပရိသတ်တို့သည် "ဤရက်ကန်းသည်မ၏ သမီးသည် ဘုရားရှင်အား မဟုတ်မဟတ်တာတွေဖြေသည်။ ရောက်တတ်ရာရာ ပြောသည်" ဟူ၍ ကဲ့ရဲ့ကြသည်။

ဘုရားရှင်သည် လူအပေါင်းတို့အား အသံတိတ်စေပြီး ၎င်းအမျိုးသမီးအားမေးသည်ကို အဘယ်ကြောင့် ဤသို့ဖြေသနည်းဟု တစ်ဖန်မေးတော်မူလေသည်။ အမျိုးသမီးငယ်က-

(၁) "သင်ဘယ်ကလာသနည်း"ဟု ဘုရားရှင် မေးသည်မှာ "ဘယ်ဘုံဘဝကလာသနည်း"ဟု မေးတော်မူသည်ဖြစ်၍ "မသိ"ဟု ဖြေရခြင်း ဖြစ်ပါသည်။ (ဆက်လက်ဖော်ပြပါမည်)



# အမေရိကန်ဒုတိယသမ္မတ ကင်မလာ ဟဲရစ် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရ




**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်ဒုတိယသမ္မတ ကင်မလာ ဟဲရစ်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန်အတွက် ပါတီကိုယ်စားလှယ်များထံမှ လုံလောက်သောမဲအရေအတွက်ကို ရရှိခဲ့ကြောင်း သိရသည်။

ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရန် လုံလောက်သည့်ဆန္ဒမဲအရေအတွက် ရရှိပြီဖြစ်ကြောင်း ဒီမိုကရက်တစ် အမျိုးသားကော်မတီ ဥက္ကဋ္ဌက ဩဂုတ် ၂ ရက်တွင် ကြေညာချက် ထုတ်ပြန်သည်။

ဟဲရစ်သည် ပါတီကိုယ်စားလှယ်များအား ကျေးဇူးတင်စကားဆိုပြီး ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းကို လာမည့်အပတ်တွင် တရားဝင်လက်ခံမည်ဖြစ်ကြောင်း သိရသည်။

ဟဲရစ်သည် နိုင်ငံ၏ အနာဂတ်သမ္မတတစ်ဦးဖြစ်လာစေရန်နှင့် ပြည်သူများ၏ ထောက်ခံမဲရရှိရန်အတွက် မဲဆွယ်စည်းရုံးမှုများကို ဆောင်ရွက်လျက်ရှိသည်။

လာမည့်ရွေးကောက်ပွဲတွင် ဟဲရစ်သည် ရီပတ်ဘလစ်ကန် သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အနိုင်ရရှိပါက အိမ်ဖြူတော်တွင် သမ္မတရာထူးတာဝန်ထမ်းဆောင်ရမည့် ပထမဆုံးအမျိုးသမီးဖြစ်လာမည်ဖြစ်သည်။

ဒီမိုကရက်တစ်ပါတီ၏ ဒုတိယသမ္မတလောင်းကို ဩဂုတ် ၇ ရက်တွင် အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံတွင် မြေပြိုမှုများဖြစ်ပွား၊ သေဆုံးသူ ၃၀၀ ရှိလာ

**နယူးဒေလီ ဩဂုတ် ၃**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ မြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူ ဦးရေ ၃၀၀ ရှိလာကြောင်း အိန္ဒိယနိုင်ငံ၏ တရားဝင် ရုပ်သံလွှင့်ဌာန All India Radio က ဩဂုတ် ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

မြေပြိုမှုဖြစ်ပွားပြီး သုံးရက်အကြာတွင် ပါဒါဗက်တစ်ကွန်နူဒေသ၌ လူလေးဦးကို မြေပြိုမှုဖြစ်ပွားရာနေရာမှ ကယ်ဆယ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

အဆိုပါမြေပြိုမှုသည် ဇူလိုင် ၃၀ ရက်က အိန္ဒိယတောင်ပိုင်း ကီရာလာပြည်နယ် ဝါယာနက်ဒ်ခရိုင်ဒေသအနှံ့အပြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူအများအပြားသေဆုံးခဲ့ကာ ပျက်စီးမှုလည်း အများအပြားရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အသက်ရှင်ကျန်ရစ်သူများကို ကူညီရန်၊ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရန်နှင့် အပျက်အစီးများအတွင်းမှ သေဆုံးသူရုပ်အလောင်းများကို ထုတ်ယူရန်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**



# အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုများပြားလာခြင်းကြောင့် တင်းကျပ်မှုများရှိလာ

**ဂျကာတာ ဩဂုတ် ၃**

ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု တိုးလာခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ ဘာလီအပန်းဖြေကျွန်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဘာလီအာဏာပိုင်များက တင်းကျပ်မှုများရှိလာကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပထမခုနစ်လတွင် နိုင်ငံတကာခရီးသွား ၃ ဒသမ ၈၉ သန်းရောက်ရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် တစ်သန်းနီးပါး တိုးလာခဲ့ကြောင်း သိရသည်။

ဘာလီဒေသဆိုင်ရာ ဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန၏ အကြီးအကဲ ပါဆာရီဘူ၏ ပြောကြားချက်အရ အဆိုပါတိုးမြှင့်တင်းကျပ်မှုသည် Bali's I Gusti Ngurah Rai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော နိုင်ငံခြားဧည့်သည်များအားလုံးနှင့် အကျုံးဝင်ကြောင်းလည်း သိရသည်။

ယင်းသို့ တိုးမြှင့်စစ်ဆေးခြင်းဆောင်ရွက်ရာတွင် ခရီးသွားစာရွက်စာတမ်းများကို သေသေချာချာစစ်ဆေးခြင်းများ ပါဝင်ပြီး လူဝင်မှုကြီးကြပ်ရေးအရာရှိများသည် နိုင်ငံကူးလက်မှတ်၊ ဗီဇာနှင့် နေထိုင်ခွင့်လက်မှတ်များကို ပိုမိုလုံ့လစိုက်ထုတ်စိစစ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ဘာလီသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားအရေအတွက်မှာ ၂ ဒသမ ၉ သန်းရှိရာမှ ၂၀၂၄ ခုနှစ်အလားတူကာလတွင် ၃ ဒသမ ၈၉ သန်း အထိ ရှိလာခဲ့ကြောင်း သိရသည်။ ဗြိတိန်၊ တောင်ကိုရီးယား၊ အမေရိကန်၊ ပြင်သစ်၊ မလေးရှား၊ စင်ကာပူနှင့် ဂျာမနီနိုင်ငံတို့မှ ခရီးသွားအရေအတွက်သည် သိသိသာသာမြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကိုးကား–စီအင်န်အေ**
**ဘာသာပြန်–အလင်းသစ်**

# အယ်လ်ရှာဘတ် စစ်သွေးကြွများက ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူး၌ လီဒိုကမ်းခြေဟိုတယ်ကို စီးနင်းတိုက်ခိုက်၊ ၃၁ ဦးသေဆုံး

**မိုဂါဒစ်ရှူး ဩဂုတ် ၃**

ဆိုမာလီယာနိုင်ငံမြို့တော် မိုဂါဒစ်ရှူး၌ အယ်လ်ရှာဘတ်စစ်သွေးကြွများသည် လီဒိုကမ်းခြေဟိုတယ်တစ်ခုကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၃၁ ဦး သေဆုံးပြီး ၆၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများက ယနေ့ အတည်ပြုပြောကြားသည်။

သေဆုံးသူအများစုကို လီဒိုကမ်းခြေဟိုတယ်၏ အပြင်ဘက်တွင် တွေ့ရှိရကြောင်း ရဲအရာရှိများက ဆိုသည်။ အဆိုပါဟိုတယ်သို့ အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးသမားအများဆုံး လာရောက်လေ့ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဟိုတယ်အတွင်း ဖောက်ခွဲရေးပစ္စည်းများဖောက်ခွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး သေဆုံးပြီး အသေခံဗုံးခွဲသမားတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကမ်းခြေဟိုတယ်တွင် ပိတ်မိနေသည့် အရပ်သားအများအပြားကို ကယ်ထုတ်နိုင်ခဲ့ပြီး ဟိုတယ်ခြံဝင်းအတွင်းရှိ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးကို ဘေးကင်းစွာ ဖယ်ရှားခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုအပေါ် အစိုးရနှင့် အရာရှိဟောင်းများက ပြစ်တင်ရှုတ်ချခဲ့သည်။ ယင်း တိုက်ခိုက်မှုသည် မြို့တော်အတွင်း၌ အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့၏ ကြီးမားသောတိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖောက်ခွဲရေးပစ္စည်းများ ခါးပတ်တွင်တပ်ဆင်ထားသော အသေခံဗုံးခွဲသမားသည် ဩဂုတ် ၂ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီဝန်းကျင်ခန့်တွင် ရာနှင့်ချီသော ဧည့်သည်များ ထိုင်နေသည့် လူစည်ကားသော ဟိုတယ်ဝင်ပေါက်တွင် အသေခံဗုံးခွဲခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပထမပေါက်ကွဲမှုအပြီးတွင် နောက်ဆက်တွဲပစ်ခတ်မှုများလည်း ဖြစ်ပွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အယ်လ်ရှာဘတ်သေနတ်သမားများကို အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ နှစ်ဦး ထပ်မံတွေ့ရှိ၊ ယခုနှစ်အတွင်း ရောဂါဖြစ်ပွားသူ ၁၁ ဦး ရှိလာ

**အစ္စလာမာဘတ် ဩဂုတ် ၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်၌ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ နှစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ယခုနှစ်အတွင်း နိုင်ငံအတွင်း၌ ရောဂါဖြစ်ပွားသူအရေအတွက် ၁၁ ဦးအထိ ရှိလာကြောင်း ပါကစ္စတန် ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါရောဂါဖြစ်ပွားသူနှစ်ဦးအနက် တစ်ဦးသည် ဂျယ်မာစီခရိုင်မှ အသက် သုံးနှစ်အရွယ်ကလေးငယ်နှင့် ကွီလာအဘ်ဒူလာခရိုင် မိုင်ဇိုင်းဒေသမှ တစ်နှစ်ခွဲအရွယ်ကလေးငယ်တစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

၎င်းကလေးငယ်နှစ်ဦးသည် ခြေလက်အင်္ဂါများ သွက်ချာပါဒဖြစ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အသက် သုံးနှစ်အရွယ်ကလေးငယ်သည် ဇူလိုင် ၅ ရက်တွင် ပိုလီယိုရောဂါနှင့် ဆက်စပ်သည့် အကြောသေရောဂါလက္ခဏာများ ပြသခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အလားတူ အသက် တစ်နှစ်ခွဲအရွယ်ကလေးငယ်သည် ဇွန် ၁၀ ရက်တွင် ပိုလီယိုရောဂါနှင့် ဆက်စပ်သည့် လက္ခဏာများ ပြသခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံသည် ယခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ ၁၁ ဦးတွေ့ရှိရပြီး ကလေးများ၏ကျန်းမာရေးကို အမြဲတစေ စောင့်ကြည့်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောင်းသာမြို့ ဥတိုချောင်းအတွင်း၌ စက်လှေတစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် FURUI တံဆိပ်ပါ အချိုမှုန့် ၂၅ ကီလိုဂရမ်ပါ ၄၄ အိတ်၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၅၄ ဂါလန် စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၆၀၁၂)ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးတွင် ပါဝင်နေသည့် Ergotamine ၁၂၄ ထုပ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၄၅၆၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Happy Rose Tissue ၄၉၉၅ ကီလိုဂရမ်နှင့် ဟောင်ကောင်နိုင်ငံထုတ် 100% Polyester Fiber Fill ၁၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၉၅၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Solar Inverter ခြောက်လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၅၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Thermo 45 Hybrid Hot Pepper Seed ၁၇ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၀၀၀၀၀၀) ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Inno Plus High Density Polyethylene Resin ၂၅ ကီလိုဂရမ်ပါအိတ် ၆၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Dagon Tawwin Truck တစ်စီးနှင့် Ngwe Kyair Sin Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၁၃၀၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် အမျိုးသမီးဝတ်အနွေးထည် အထည် ၇၆၀၊ Mi Handset (Second) အလုံး ၄၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၀၉၆၁၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Surf တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) ကို လည်းကောင်း၊ ကွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Lady Slipper Short Heel အမျိုးသမီး ဖိနပ်အရန် ၂၀၆၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၅၄၀၈၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Zar Tha Pyin Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၉၆၃၆၉၇၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် ဩဂုတ် ၁ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရသီရိခရိုင်တို့ အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၃၅ တန်နှင့် အခြားသစ် ၁၇ ဒသမ ၈၃၃ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၄၅၆၆၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၉၆၉၄၆၄၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျောက်ဆည်မြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းသိန်းလှိုင်နှင့် စိုင်းအိုက်ဆာ (ခ) အိုက်ခမ်းတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျောက်ဆည်မြို့နယ် သံကျေးရွာအုပ်စု သံကျေးရွာအနီးတွင် ဇော်ကိုကိုလတ် (ခ) ဘိုတိုး မောင်းနှင်လာသည့် AD VAN အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၇၅ ကီလို၊ ကက်တမင်း သုည ဒသမ ၂၅ ကီလိုကိုလည်းကောင်း၊ ဩဂုတ် ၁ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မြို့ပတ်လမ်းတွင် စိုင်းသိန်းလှိုင် မောင်းနှင်ပြီး စိုင်းအိုက်ဆာ(ခ) အိုက်ခမ်း လိုက်ပါလာသည့် TOYOTA CROWN အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းရှိ စက္ကူဂျပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါးကက်တမင်း ခုနစ်ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၈-၂၀၂၄ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မင်္ဂလသုတ်)
- ၀၆:၂၅ ကောင်းကင်မှာထွန်းတောက်နေတဲ့သာသနာ့အာဇာနည် တိပိဋကပါဠိပါဠိရှ ဒွေရတ္တ တိပိဋကဓရ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ထေရုပ္ပတ္တိ (စတုတ္ထပိုင်း)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ မင်းမြေမှ ကျွန်းကျောင်းတော်မဟာ
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတာဝန်လတာ (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ) (တတိယပိုင်း)
- ၀၉:၁၅ နဝင်္ဂဥပေါသထသီလပေးတရားတော်
- ၀၉:၄၀ ကာတွန်းအစီအစဉ် '**တိရစ္ဆာန်မြို့တော်၏ ဇာတ်လမ်း**' (အပိုင်း-၁)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၅ 'အလွမ်းဖွဲ့ပိုး' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ ရဟန်းတစ်ပါးကြွလာသည့်တရားတော်'
- ၁၃:၀၀ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း '**ရဟန်းပစားရသောဆွမ်းတစ်နပ်**'
- ၁၆:၅၀ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ Economic Review
- ၁၇:၄၅ အိုလံပစ်အားကစားပြိုင်ပွဲ (Highlight)(10)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ် (၁၀)
- ၁၈:၄၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး**' (အပိုင်း-၂၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ ကြွေလည်းဝေမြဲတမ်းတဆဲ "ငပ့မရနိုင်တဲ့ ခရီးဖော်" (ချိုဝေလွင်) (အပိုင်း-၁)
- ၂၁:၄၅ မြန်မာဗီဒီယိုဇာတ်လမ်း '**နှင်းဆီစီးချင်း**'

**mitv**

- 07:02 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:11 Myanmar Masterclass: Artist Shwe Yoe Yar
- 07:23 Sri Ksetra, Field of Fortune & Glory (Part-1)
- 07:43 The Civil Twilight - 2
- 08:01 News
- 08:26 Asia Updates; Blade Library (NHK World)
- 08:31 Myanmar Traditional Cart Business
- 08:52 Topic Potpourri; Transforming Food Waste into Nutritional Gold
- 09:01 Bravocado Benefits
- 09:23 Today Myanmar:
- 09:33 Gardener of Royal Thazin Floral
- 10:01 News

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၇)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အကြေပုဂံလို့တင်စားခေါ်ဝေါ်တဲ့ မြောင်းမြမြို့ဟောင်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကြယ်ကလေးများအတွက် (ပုံပြင်)

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းတောင်ပေါ်မှ တောလိုက်မုဆိုးများ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရှားစောင်းအစွမ်းအံ့မခန်း

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်သားသုပ်နှင့်သဘော်ဥဟင်းရည်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
မောက်မယ်မြို့လေးတစ်နေရာက ပန်းတမော့လက်မှုပညာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ စူးစမ်းရှာဖွေရေးဟောင်းအမွေ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အမွေ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး အကြောင်း
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၄)

**MRTV FARMERS' / H TV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၅ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' စီးပွားဖြစ်ကာစိတ်ချမ်းသာကော်ဖီစိုက်ပျိုးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ New Flash
- ၁၈:၁၅ Holidate (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ညို့ (ဇာတ်လမ်း)

**MRTV SPORTS / H TV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၂၀ PARIS OLYMPIC GAMES SPECIAL
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၄၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Shan United FC Vs Yangon United FC

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရာဘိဝံသ သက်တော် ၈၅ နှစ် သိက္ခာ ၆၅ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက် ဩဂုတ် ၂ ရက် သောကြာနေ့ ည ၉ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဆရာတော်၊ သံဃာတော်များအား သံဃဒါနပိဏ္ဍပါတ်တန်းဆွမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၃

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ဆရာတော်၊ သံဃာတော်များအား သံဃဒါနပိဏ္ဍပါတ် တန်းဆွမ်းလောင်းလှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

တန်းဆွမ်းလောင်းလှူ ပူဇော်ပွဲတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ဝတ္တကမြေ အတွင်းရှိ ကျောင်းတိုက်များဖြစ်သည့် ပုညသုခကျောင်း၊ အလင်းရောင်ကျောင်း၊ ပတ္တမြားကျောင်း၊ စေတိယပါလကျောင်း၊ နိဗ္ဗာန်ကျောင်း၊ ပရိယတ္တိကျောင်း၊ ခတ်မီးကျောင်း၊ ဝါဆိုကျောင်း၊ သီရိမင်္ဂလာကျောင်း၊ ရွှေရင်မျှော်ကျောင်း



နှင့် မွန်ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ကိုကိုဇော်(mna)**

## မြိတ်မြို့၌ ဂျင်းသားပေါက်ကုန်းများ ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



မြိတ် ဩဂုတ် ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဂျင်းခရုသုတေသနလုပ်ငန်း၏ ရလဒ်များအရ ဂျင်းသားပေါက် ကုန်းများအား ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် ထိန်းသိမ်းမည့်ဧရိယာ၊ ထိန်းသိမ်းမည့်ကာလ သတ်မှတ်ထုတ်ပြန်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်က မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးတွင် ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ ပြုလုပ်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက အွန်လိုင်းဖြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလွမ်းမိုးဇော်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ဂျင်းခရုသုတေသနလုပ်ငန်း ဆောင်ရွက်မှုနှင့် သုတေသနရလဒ်များ ဆွေးနွေးပြောကြား၍ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ ချယ်ရီအောင်က ဂျင်းခရုသားဖောက်ခြင်းအတွက် အသုံးပြုသည့် နည်းစနစ်များနှင့် ရလဒ်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒေသခံများကိုယ်တိုင် စီမံခန့်ခွဲသော ဧရိယာထူထောင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဂျင်းခရုသားပေါက်ကုန်းများအား ဒေသခံများ ကိုယ်တိုင် စီမံခန့်ခွဲသော ဧရိယာအဖြစ် ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းများ၊ ဂျင်းသားပေါက်ကုန်းများအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ထိန်းသိမ်းမည့်ဧရိယာ၊ ထိန်းသိမ်းမည့်ကာလ သတ်မှတ်ထုတ်ပြန်နိုင်ရေးကိုအဖွဲ့ဖွဲ့၍ ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို အဖွဲ့အလိုက် ပြန်လည်ဆွေးနွေးခြင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) မိုးရာသီအားကစားပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

စစ်ကိုင်း ဩဂုတ် ၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ၂၀၂၄ ခုနှစ် အိပ်ဆောင်အလိုက် မိုးရာသီအားကစားပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ဒီဂရီကောလိပ် (စစ်ကိုင်း)ရှိ ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး ကျောင်းသားအိပ်ဆောင်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို လွိုင်ကော်ဆောင်နှင့် မြစ်ကြီးနားဆောင်တို့ ယှဉ်ပြိုင်ကြပြီး လွိုင်ကော်ဆောင်အသင်းမှ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် မိုးရာသီအားကစားပြိုင်ပွဲဝင် ကစားသမားများက ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ပြိုင်ပွဲကို ဇူလိုင် ၃ ရက်မှစတင်၍ ဩဂုတ် ၃ ရက်အထိ အားကစားနည်းပေါင်း ၁၁ မျိုးကို အိပ်ဆောင်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသံဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်သောင်ကြီးကျေးရွာ ခမည်းတော် ဦးမောင်စိန် + မယ်တော် ဒေါ်ပုတို့မှ ၁၃၀၁ ခုနှစ် တပို့တွဲလဆန်း ၉ ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၁၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၅ရက်နေ့တွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ဒေါ်ပု၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၁ ခုနှစ် တပေါင်းလဆန်း ၉ ရက်နေ့တွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်နေ ဦးကျော်သောင်း + ဒေါ်စောခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသနှင့် နာယကစာချဆရာတော်များ၊ တောင်ပြင်၊ ရွှေရေးဆောင်တိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ တောင်ထီးလင်းတိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ လှိုင်မြို့နယ် ဇေယျမင်္ဂလာကျောင်းတိုက်ဆရာတော် စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယ"၊ "အဘိဓမ္မပါဠိပါရဂူ" ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ စာသင်သားရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ အစိုးရပါဠိပထမပြန်စာမေးပွဲ နာယကဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီးဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၈ ခုနှစ်တွင် **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊ ၂၀၂၀ ပြည့်နှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊ ၂၀၂၃ ခုနှစ်တွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၅ နှစ် သိက္ခာ ၆၅ ဝါအရ ၁၃၈၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက် (၂-၈-၂၀၂၄)ရက် သောကြာနေ့ (၂၁:၂၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# MNL ပြိုင်ပွဲတွင် ရတနာပုံအသင်း အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရ

ရန်ကုန် ဩဂုတ် ၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၅) ဒုတိယနေ့ကို ဩဂုတ် ၃ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရတနာပုံ အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ရန် ကြိုးပမ်းနေ သည့် ရတနာပုံအသင်းနှင့် ရာသီအစ လေးပွဲ ဆက်တိုက်နိုင်ပွဲမရသေးသည့် ရခိုင်ယူနိုက် တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်း တစ်ပွဲဖြစ်ခဲ့ပြီး ရတနာပုံအသင်းက နောက်ကျဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင် ယူနိုက်တက်အသင်းသည် နှစ်ဂိုးအရှုံးမှ နှစ်ဂိုးပြန်သွင်းနိုင်သော်လည်း ဂိုးထပ်ပေးရ သဖြင့် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် စိုးမင်းဦး၊ ကြည်စိုး၊ ရန်ကျော်စိုး၊ တည်ငြိမ်မင်း၊ အာကာတို့ဖြင့် ပွဲထွက်လာသလို ရခိုင်ယူနိုက် တက်အသင်းကလည်း ဇော်ဇော်နိုင်၊ ဂျိုးဇက်၊ သူရ၊ ထွန်းထွန်းအောင်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း ပထမပိုင်း ပြီးခါနီးမှ အဖွင့်ဂိုးရခဲ့ပြီး ရတနာပုံအသင်း အတွက် စိုးမင်းဦးက ၄၃၊ ၆၀ မိနစ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းနောက် ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ချေပ ဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းလာပြီး ဂျိုးဇက်က ၇၈၊ ၈၁ မိနစ်တွင် နှစ်ဂိုးဆက် ပြန်သွင်းခဲ့သည်။ ထို့ကြောင့် လက်ကျန် မိနစ်များမှာ အကြိတ်အနယ်ရှိလာပြီး ၉၀+၃ မိနစ်တွင် အောင်ကျော်သူက ရတနာပုံ အသင်းအတွက် အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံ အသင်းမှ စိုးမင်းဦးက ရရှိသည်။ ယခုပွဲအပြီး တွင် ရတနာပုံအသင်းက ၁၀ မှတ်၊ ရခိုင် ယူနိုက်တက်အသင်းက တစ်မှတ်ရရှိထား သည်။

ပွဲစဉ် (၃) တတိယနေ့အဖြစ် ဩဂုတ် ၄ ရက် (ယနေ့) တွင် တောင်ကြီးကွင်း၌ လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**



ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

**ဖခင်အမည်မှန်**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မာကျူရီ ကိုယ်ပိုင်အထက်တန်း ကျောင်း၊ လမ်းမတော် G-၁၁ မှ မောင်အောင်သျှမ်းဟိန်း၏ ဖခင် အမည်မှန်မှာ ဦးမိုးမင်းဝင်း [၉/ ရမသ(နိုင်)၀၂၇၂၈၄] ဖြစ်ပါ ကြောင်း။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၅)၊ မြေကွက် အမှတ်(၈၄၇)၊ မြေကွက်တည်နေရာအမှတ်(၈၄၇)၊ နတ်ရေကန်(၂)လမ်း၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးစိန်ဝင်း)(ISN-၁၅၉၄၇၇)အမည် ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်(ခင်ပွန်း)ဦးစိန်ဝင်း ကွယ်လွန်သဖြင့်(ဇနီး)ဒေါ်အုံးမြ(ခ)ဒေါ်အုန်းမြ [၁၂/ဥကတ(နိုင်)၀၁၄၀၉၈] (ISN-၁၅၉၄၇၈)မှ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်းနှင့် အခြားသောဇနီး/ မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း ၎င်းသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦး တစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း)ဦးစိန်ဝင်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**○ ကျောဖုံးမှ**

အီဂျစ်အသင်းနဲ့ ပါရာဂွေးအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူရာမှာ အီဂျစ်အသင်းက ပါရာဂွေးအသင်းကို ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ယမန်နေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေထဲမှာ အိမ်ရှင်ပြင်သစ်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ပွဲစဉ်ဟာ အကောင်းဆုံးပွဲစဉ်လို့ ဆိုရမှာဖြစ်ပြီး အာဂျင်တီးနားအသင်း က ဘောလုံးပိုင်ဆိုင်မှု ၇၀ ရာခိုင်နှုန်းနီးပါးရှိခဲ့ပေမယ့် ပထမ ပိုင်းပွဲကစားချိန် ငါးမိနစ်မှာ ရရှိခဲ့တဲ့ မာတီတာရဲ့ တစ်လုံး တည်းသော သွင်းဂိုးနဲ့ ပြင်သစ်အသင်းက အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မော်ရိုကိုအသင်း၊ စပိန်အသင်း၊ အီဂျစ် အသင်းနဲ့ ပြင်သစ်အသင်းတို့ဟာ ပါရီအိုလံပစ်ပြိုင်ပွဲရဲ့ အမျိုးသားဘောလုံးပြိုင်ပွဲရွှေတံဆိပ်ဆုကို ဆွတ်ခူးဖို့ လမ်း ကြောင်းပေါ်ရောက်ရှိနေပြီဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ် တွေကို ဩဂုတ် ၅ ရက်မှာ ယှဉ်ပြိုင်ကစားမှာလည်းဖြစ်ပါတယ်။

ငွေကြယ်

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်-(၆၁)ဟု ခေါ်တွင်သော (၁) ခန်းတွဲ(၅)ထပ် ကန်ထရိုက်တိုက် အဆောက်အဦ၏ (ဒုတိယထပ်) (၃လွှာ)၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၄၀ ပေ) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ငြိမ်းငြိမ်းအိ [၁၂/ဒဂတ(နိုင်)၀၅၉၅၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ် ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထား များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1]၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် -၇၀၊ မြေကွက်အမှတ် (၁၁၁၃/ခ)၊ အကျယ်ပေ (၂၀ x ၆၀) ရှိမြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမြင့် [၁၂/တမန(နိုင်) ၀၈၈၅၀၀] ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ် အရှင်းတစ်စုံတစ်ရာမရှိကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းအေး [၁၂/မဂတ(နိုင်) ၀၁၈၁၁၉] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းမြအေး (LLB,D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၀၂၈၅)**
**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။**
**ဖုန်း - ၀၉ -၇၈၀၀၄၁၄၉၉**

**"ဦးစိုးနိုင်(ဘ)ဦးမြင့်ရွှေ [၇/အတန(နိုင်)၀၀၇၄၁၉] နှင့် အများသိစေရန်ကြေညာခြင်း**

ဒေါ်သင်းသင်းခိုင် [၁၂/မဂဒ(နိုင်)၁၀၅၄၇၃] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန် ကြားချက်အရ အောက်ပါအတိုင်း ဦးစိုးနိုင်(ဘ)ဦးမြင့်ရွှေ [၇/အတန(နိုင်)၀၀၇၄၁၉] နှင့် အများသိစေရန် ကြေညာအပ်ပါသည် -

ဒေါ်သင်းသင်းခိုင် [၁၂/မဂဒ(နိုင်)၁၀၅၄၇၃] နှင့် ဦးစိုးနိုင်(ဘ)ဦးမြင့်ရွှေ [၇/ အတန(နိုင်)၀၀၇၄၁၉] ကိုင်ဆောင်သူတို့သည် တောင်ငူမြို့နယ်တရားရုံး၌ တရားဝင် ကွာရှင်းပြီးသူများဖြစ်ကြပါသည်။

ဒေါ်သင်းသင်းခိုင် [၁၂/မဂဒ(နိုင်)၁၀၅၄၇၃]အမည်ပေါက်ပိုင်ဆိုင်သည့်-

(၁) မော်တော်ယာဉ်အမှတ် 1M/4138(KLUGER) ၏ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊

(၂) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်-၈၇(D)၊ အကျယ်အဝန်း (၁၁၀ပေx၉၀ပေ)နှင့်(၂)ထပ်တိုက်၏ ပိုင်ဆိုင်မှုစာရွက် စာတမ်းများ၊

(၃) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ-၅၊ လွယ်ခမ်းလမ်း၊ အမှတ်-၄/၅၅၊ Golden Hill အမည်ရှိဟိုတယ်နှင့် တစ်ထပ်တိုက်၏ပိုင်ဆိုင်မှုစာရွက် စာတမ်းများ၊

(၄) ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ 27 West Avnue Condo၊ အခန်းအမှတ်-၃၀၃၏ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊

(၅) ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပုလဲလမ်း၊ အမှတ်-၁၀၄ ၏ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊

(၆) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ-၅၊ လွယ်ခမ်း လမ်း၊ ခြံကွက်-၅၏ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊

(၇) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပါမိုးနဲလမ်း၊ ရွှေတောင် ကုန်းဟိုတယ်ဘေးရှိ ပေ(၉၀)ပတ်လည် အကျယ်အဝန်းရှိမြေကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ၊

(၈) ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ 27 West Avnue Condo၊ အခန်းအမှတ်-၃၀၃တွင်ထားရှိထားသော မီးခံသေတ္တာ(၂) လုံး၊ ရွှေဘောင်ချာများ၊ ရွှေထည်များ၊ ပတ္တမြား တစ်ဆင်စာ၊ စိန်တစ်ဆင်စာ၊ ကျောက်စိမ်းတစ်ဆင်စာ၊ ပုလဲနက်တစ်ဆင်စာ၊ ပုလဲဖြူတစ်ဆင်စာ၊ စိန် ချောင်းနှင့်နီလာတစ်ကတ်၊ နီလာတစ်ဆင်စာ၊ စိန်လက်စွပ်(၂)ကွင်း၊ စိန်သီးသန့်(၁) လုံး၊ ရွှေဘီး၊ ရွှေကလစ် စသည့်သားသမီးများ ဝတ်ဆင်သောရတနာပစ္စည်းများ နှင့်ပတ်သက်၍ (၂၆- ၈- ၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ အမှတ်-၁၉ ပါကြော်ငြာချက်များနှင့်ပတ်သက်၍ ဦးစိုးနိုင်(ဘ) ဦးမြင့်ရွှေ [၇/ အတန(နိုင်) ၀၀၇၄၁၉] ကိုင်ဆောင်သူအား ဂုဏ်သိက္ခာကျဆင်းစေသည့်ကြော်ငြာ ချက်နှင့်ပတ်သက်၍ ဒေါ်သင်းသင်းခိုင် [၁၂/မဂဒ(နိုင်)၁၀၅၄၇၃] မှပြန်လည် တောင်းပန်ကြောင်း အထက်တွင်ဖော်ပြခဲ့သောပစ္စည်းများနှင့် စာရွက်စာတမ်း များနှင့် ပတ်သက်၍ ယနေ့အချိန်တွင် တစ်ဦးနှင့်တစ်ဦးစာရင်းရှင်းတမ်းများ ရှင်းလင်းပြီးဖြစ်ပါ၍ ကြော်ငြာချက်နှင့်ပတ်သက်၍ ပြန်လည်ရုပ်သိမ်းကြောင်း တောင်းပန်အပ်ပါသည်။

အထက်တွင်ဖော်ပြပါ ပစ္စည်းများသည် ဒေါ်သင်းသင်းခိုင်တစ်ဦးတည်း ကြိုးစားအားထုတ်မှုဖြင့် ဖြစ်ထွန်း လာသည့်ပစ္စည်းများ မဟုတ်ဘဲ ပိုင်ရေးဆိုင်ခွင့် အဝဝနှင့် အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိသူမှာလည်း ဦးစိုးနိုင်နှင့် ဒေါ်သင်းသင်းခိုင်နှစ်ဦး စပ်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ယခုအခါ အဆိုပါ ပစ္စည်းများအား စာရင်း ရှင်းတမ်းပြုလုပ်ပြီးဖြစ်ပါ၍ ဦးစိုးနိုင်မှ အဆိုပါပစ္စည်းများအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်း ဆောင်ရွက်ခြင်းပြုလုပ် နိုင်မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြား ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဒေါ်သင်းသင်းခိုင်** | **ဒေါ်ခင်သီတာမိုး** | **ဒေါ်သဇင်မျိုးထွန်းလွင်** |
| **(ဘ)ဦးလှထွေး** | **(LL.B)** | **(LL.B)** |
| **[၁၂/မဂဒ(နိုင်)၁၀၅၄၇၃]** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၉၀၂၁/၂၀၂၃)** | **(စဉ်-၁၃၂၅၉/၂၀၁၇)** |
| | **မန္တလေးမြို့။** | **၄၆-B၊ ခပေါင်း(၁)လမ်း၊** |
| | **ဖုန်း-၀၉-၄၀၃၂၀၁၉၄၅** | **မင်းကြီးညို၊ တောင်ငူမြို့။** |
| | | **ဖုန်း-၀၉-၄၂၈၁၂၆၂၇၈** |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထု ကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ် လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်း နည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒ ဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီ ခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက် ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါ က နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင် ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော် လည်း ဩဂုတ် ၂ ရက်တွင် အသိပေး ထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Su Wai Kyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သဃ်္ဃန်းကျွန်းကြီး ကျေးရွာနေ စုဝေကျော်အား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "မတ္တရာသားလေး" Tik Tok အကောင့်နှင့် "Nyein Min Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်နေ ငြိမ်းမင်းနိုင် အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့် အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ် နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေ ရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူ များအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် (လေ) မှ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃

တပ်မတော်(လေ)မှရဟတ်ယာဉ်တစ်စင်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသ ကြီး မှော်ဘီမြို့နယ်တစ်ဝိုက်၌ လေ့ကျင့်ပျံသန်း လျက်ရှိစဉ် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ် ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာ သူ နှစ်ဦးကျဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် ကျဆုံးခဲ့သူများ၏ ရုပ်အလောင်း များအား နီးစပ်ရာတပ်မတော်ဆေးရုံသို့ ဆက်လက် ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ သူများအား လိုအပ်သည့်ဆေးကုသမှုများ ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ ဦးညို(၇)လမ်း၊ အမှတ် (၁၃၄) နေ မဝါဝါကျော် [၁၄/ဖပန(နိုင်)၂၁၉၃၈၉]၏ ဖခင်အမည်မှာ ဦးကျော်မင်းသန်းနှင့် ဦးကျော်မင်းသက် [၁၄/ဖပန(နိုင်)၀၂၀၉၈၇]တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၂၅-၈-၁၉၉၆) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဝင်းမောင်၏ သား ဦးအောင်ထွန်း[၁၂/ဥကမ(နိုင်)၁၇၃၅၁၁] ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၄၇၁၈၁**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းဝင်း၏ သမီး ဒေါ်မိုးစက်တင် [၁၄/မမက(နိုင်)၁၃၉၄၈၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၀၀၁၈၁၈**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်ထွန်း၏ သမီး မမေဇွန်မိုးအောင် [၁၂/လသယ(နိုင်)၀၁၃၃၄၈] အမှတ် (မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၄၇၁၈၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အ.မ.က(သခွတ်စု) အ.မ.က ကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းမြင့် (ခ) ဒေါ်စန်းစန်းမြင့် [၁၂/ခရန(နိုင်) ၀၄၂၂၀၀] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းမြင့် (ခ) ဒေါ်စန်းစန်းမြင့်**
**[၁၂/ခရန(နိုင်)၀၄၂၂၀၀]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူဉာဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂ဘီ၅ (ပေါင်းကူ/ဉာဏစီမံချက်)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်-(၁၇)(H)၊ ဧရိယာ(၀.၄၀၃)ဧကရှိ ဦးမင်ကောင်းဝင် [၁၃/လရန(နိုင်)၀၆၄၉၀၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးထဲမှ တရားဝင် ဂရန်အမည်မခွဲထုတ်ရသေးသော အကျယ်အဝန်း အလျား x အနံ (၂၃ ပေ x ၅၇ ပေ)နှင့် ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာကျော် [၁၁/စတန(နိုင်)၀၆၇၇၃၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ဇင်ဦး[၇/သနပ(နိုင်)၁၂၄၄၇၈]မှ အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများနှင့်အတူ ဤကြေညာပါသည့်ရက်မှစ၍(၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်ထွေး(LL.B, D.B.L)၊ ဦးသက်ကိုအောင်(B.A, PGDL, PGDSW, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၃၇) အထက်တန်းရှေ့နေ(စဉ်-၅၆၀၂၄)**
**(စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၄၁၁၃၇)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ ဦးအောင်ဇေယျရပ်ကွက်-ဥက္ကံ၊ အကွက်အမှတ်(၂)၊ အကွက်အမည်-ပေါက်ကုန်းတောင်၊ ဦးပိုင်အမှတ်(၁၃၃)၊ မြေဧရိယာ(၀.၁၆၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သိမ့်သရဖူဆွေ [၁၂/လသန(နိုင်)၀၁၇၀၄၆] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဂေါ်ရိခ်နတ်(သ်) [၇/အတန(နိုင်)၀၆၄၇၆၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက်(၁-၈-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B ) DL.101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၉၇)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွှန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၆၅၅၁၁၆၉**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃/၄၄)၊ သမိုင်းကွင်း၊ မြေကွက်အမှတ် (၇/ခ)၊ အကျယ်အဝန်း(၇၀/၇၅ x ၇၃/၇၅)ပေရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (ရေမီး)အစုံပါ နှစ်ထပ်တိုက်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်ပါမြေနှင့် အိမ်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဒိန်ခန်ခါးလှိုင် [၁/မကန(နိုင်)၁၀၅၄၀၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ) နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းထွန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက **ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂၇-B)၊၊ မြေကွက်အမှတ် (၃၅ အမ်/ ၁)၊ ဧရိယာ ( ၆၀ ပေ x ၁၁၇ပေ(၀.၁၆)ဧက အကျယ်အဝန်းရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ** အမှတ်(၂၉)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်ကြူကြူ (ဘ) ဦးသက်မောင် (PTI-၀၀၀၀၀၂) [၁၂/စခန (နိုင်)၀၂၇၈၀၄]** အမှတ် (၂၉)၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ် နေသူထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ပကျေးရွာ၊ တမံဦးပိုင်နေ ဦးချစ်မောင်နှင့် ဇနီးဖြစ်သူ ဒေါ်ပုလဲတင် (ကွယ်လွန်) တို့မှ သမီးဖြစ်သူ ဒေါ်ငွေသိန်းက မိဘများအား ကျွေးမွေးစောင့်ရှောက်မည်ဟုပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးချစ်မောင်မှ ၎င်းတို့ပိုင်ဆိုင်သည့် သံဖြူဇရပ်မြို့နယ်၊ ပကျေးရွာရှိ အိမ်နှင့်မြေအား သမီးဖြစ်သူ ဒေါ်ငွေသိန်း ထံသို့ (၂၂-၃-၂၀၁၂) နေ့စွဲပါ "**နေအိမ်နှင့်ခြံမြေကွက်အားလွှဲပြောင်းပေးကမ်းခြင်း ကတိစာချုပ်**" ဖြင့် ချုပ်ဆိုပြီး၊ လွှဲပြောင်းပေးကမ်းခဲ့ပါသည်။ သမီးဖြစ်သူ ဒေါ်ငွေသိန်း မှ အဆိုပါစာချုပ်ပါ ပဋိညာဉ်အရေးအသားများအား လိုက်နာဆောင်ရွက်ခဲ့ခြင်း၊ မိဘအားကျွေးမွေးစောင့်ရှောက်ခဲ့ခြင်းများမရှိသလို မိဘ၏ဆိုဆုံးမစကားများကို နာခံမှုမရှိဘဲ မိမိသဘောအတိုင်းပြုမူဆောင်ရွက်နေပါသဖြင့် ကျွန်ုပ်မိတ်ဆွေမှ သမီးဖြစ်သူ ဒေါ်ငွေသိန်းထံသို့ လွှဲပြောင်းပေးကမ်းခဲ့သည့် (၂၂-၃-၂၀၁၂) နေ့စွဲပါ"**နေအိမ်နှင့်ခြံမြေကွက်အား လွှဲပြောင်းပေးကမ်းခြင်းကတိစာချုပ်**" သည် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ - ၁၂၂ အညီ တရားဝင်မှတ်ပုံတင်ရေးချုပ်ခဲ့သည့်စာချုပ် မဟုတ်သည့်အတွက် မူလကတည်းက ပျက်ပြယ်နေသည့်စာချုပ်ဖြစ်ပါကြောင်းနှင့် အဆိုပါစာချုပ်အပေါ် အခြေပြုပြီးလွှဲပြောင်းရောင်းချပေးကမ်းမည်ဆိုပါကလည်း ဥပဒေအရ ပျက်ပြယ်သည့် စာချုပ်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဖြူစင်ချစ်ဦး (ဥပဒေဘွဲ့)** | **ဒေါ်မေပုလဲကျော်ထွန်း (ဥပဒေဘွဲ့)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၂၆)** | **အထက်တန်းရှေ့နေ (စဉ် - ၅၃၆၇၂)** |
| **အမှတ်(၅၄၉)၊ နှင်းဆီ (၃) လမ်း** | **အမှတ် (၁၁)၊ ခိုင်ရွှေဝါ(၇)လမ်း၊** |
| **ဇေယျာ(၁)ရပ်ကွက်၊ မော်လမြိုင်မြို့။** | **အုတ်ကျင်းရပ်၊ မြို့မ(၄)ရပ်ကွက်၊** |
| **ဖုန်း-၀၉-၇၉၂၃၉၈၃၃၂** | **မုဒုံမြို့။ ဖုန်း-၀၉-၇၉၂၀၈၉၈၂၁** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၀၊ မြေကွက်အမှတ် ၁၉၇၄၊ မြေကွက်တည်နေရာအမှတ်-၁၉၇၄၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးညိုဝင်း [၁၂/ပဘတ(နိုင်)၀၁၁၀၂၇] အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးညိုဝင်း [၁၂/ပဘတ(နိုင်)၀၁၁၀၂၇](ဖခင်)သည်(၂၇-၄-၁၉၉၈)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏သားဖြစ်သူ ဦးစည်သူဝင်း [၁၂/ပဘတ(နိုင်)၀၂၇၅၇၈] ထံမှ အရပ်ကတိ အရောင်းအဝယ် စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဒေါ်ပိုးတိုး [၁၂/ပဇတ(နိုင်)၀၁၁၆၄၄] မှ ပါမစ်မူရင်း (မူရင်းတုံးပါ)၊ ဦးညိုဝင်း၏(၂၇- ၄-၁၉၉၈) ရက်စွဲပါ သေဆုံးလက်မှတ်မိတ္တူ၊ ဦးစည်သူဝင်းမှရောင်းချခြင်းအား ကျန်မောင်နှမများမှ ကန့်ကွက်ရန်မရှိကြောင်း ကျမ်းကျိန်လွှာမိတ္တူတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြပါသဖြင့် ဒေါ်ပိုးတိုးမှပါမစ်မူရင်း တင်ပြ၍ နှစ်(၆၀)မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

